လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)



# ၂၀၁၉

ဇန်နဝါရီလ - ဇွန်လ

# မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေ

*Seeking truth and justice for a peaceful democratic transition in Burma*

office@nd-burma.org www.nd-burma.org

မျက်နှာဖုံးဓာတ်ပုံ။ အသက် ၁၅ နှစ်အရွယ် မောင်မန်းထူး ဒဏ်ရာရရှိခဲ့ပုံ၊
ချောင်းဆုံကျေးရွာ၊ ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ်။ (AASYC)
လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) မှ ထုတ်ဝေသည်။

GPO 315, Chiang Mai 50000, Thailand
+66 (0) 53 304 404
office@nd-burma.org
www.nd-burma.org

၂၀၁၉ ခုနှစ် ဇန်နဝါရီမှ ဇွန်လ အထိ

# မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေ အစီရင်ခံစာ

# ကျေးဇူးတင်မှတ်တမ်း

လုံခြုံရေးအန္တရာယ် ရှိသည့်တိုင် အမှန်တရားကို ရဲဝံ့စွာ ထုတ်ဖော်ပြောဆိုပေးခဲ့သူများနှင့် ND-Burma ကွန်ရက်အဖွဲ့ဝင် အဖွဲ့အစည်းများမှ စွန့်စွန့်စားစား အချက်အလက်ကောက် ယူပေးခဲ့သော ကွင်းဆင်း သတင်း ကောက်ယူသူ အားလုံးအား ကျေးဇူးတင်ရှိပါသည်။

အစီရင်ခံစာဖြစ်မြောက်ရေးအတွက် အရေးကြီးသည့် အကူအညီများပေးခဲ့သည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအား အထူးပင် ကျေးဇူးတင်ပါသည်။

# ND-Burma အကြောင်း

ND-Burma ၏အဖွဲ့ဝင် ၁၆ ဖွဲ့သည် တိုင်းရင်းသားများ၊ အမျိုးသမီးများနှင့် လိင်စိတ်ကွဲပြားသူများအား ကိုယ်စားပြုသည်။ နစ်နာခဲ့သူများ၏ တရားမျှတမှု ရရှိရေးအတွက် လူ့အခွင့်အရေးချိုးဖောက်မှုများကို ၂၀၀၄ ခုနှစ်မှစပြီး မှတ်တမ်းတင်နေသည့် အဖွဲ့အစည်းဖြစ်သည်။

## အဖွဲ့ဝင်အဖွဲ့အစည်းများ

၁။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့ (AAPP-B)

၂။ မွန်ပြည်လူ့အခွင့်အရေးအဖွဲ့ (HURFOM)

၃။ ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) (KWAT)

၄။ တအာင်းအမျိုးသမီးအဖွဲ့အစည်း (TWO)

၅။ တအာင်းကျောင်းသားနှင့် လူငယ်အဖွဲ့ (TSYU)

၆။ ထားဝယ်အမျိုးသမီးသမဂ္ဂ (TWU)

## ဆက်စပ်အဖွဲ့အစည်းများ

၁။ ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့် လူငယ်အစည်းအရုံး (AASYC)

၂။ ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO)

၃။ အနာဂါတ်အလည်းတန်းဆုံမှတ် (FFC)

၄။ ပအိုဝ်းလူငယ်အဖွဲ့ (PYO)

၅။ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများအဖွဲ့ (HRDP)

၆။ နိုင်ငံရေးအကျဉ်းသားဟောင်းများကွန်ရက် (ပဲခူးအရှေ့ခြမ်း)

၇။ ရွှေပြေးအသံအဖွဲ့ (PV)

# အချက်အလက်ကောက်ယူသည့်နည်းလမ်း

## ကွင်းဆင်းသတင်းကောက်ယူသူများ၏အခြေအနေ

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)၊ ND-Burma ၏ ကွင်းဆင်းအချက် အလက်ကောက် ယူသူများသည် လူ့အခွင့်အရေးမှတ်တမ်းများ ကောက်ယူရာတွင် အကြီးအကျယ် အန္တရာယ်ရှိသည့် အခြေအနေနှင့် ရင်ဆိုင်ရသည်။ လုံခြုံရေး အခြေအနေကြောင့် လူ့အခွင့်အရေးမှတ်တမ်း တင်ခြင်းအား ထင်ထင်ပေါ်ပေါ် မလုပ်နိုင်သည့်အတွက် မြန်မာနိုင်ငံတဝှမ်းလုံးတွင် ဖြစ်ပျက်နေသော လူ့အခွင့်အရေး အခြေအနေအားလုံးအား ထပ် ဟပ် ဖော်ပြနိုင်ခြင်းမရှိပေ။

အပစ်အခတ်ရပ်စဲထားသည့် နေရာများတွင်ပင် ကွင်းဆင်းအချက်အလက်ကောက်ယူသူများနှင့် ၎င်းတို့ဆက် သွယ်သည့် ပြည်သူ လူထုမှာ လုံခြုံရေးအန္တရာယ်ကို ကြုံတွေ့ရတတ်သည်။ အဘယ် ကြောင့်ဆိုသော် စစ်တပ်၊ ရဲတပ်ဖွဲ့နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများက ကျူးလွန်ချိုးဖောက်ခံရသူများကို ဆိတ်ဆိတ်နေကြရန် မကြာခဏခြိမ်းခြောက်၊ သတိပေးနေ၍ဖြစ်သည်။ အကယ်၍ တိုက်ပွဲဖြစ်ပွားနေသည့် တိုင်းရင်းသား ဒေသများတွင် ကွင်းဆင်းသတင်း ကောက်ယူသူတဦးအား ၎င်းမှတ်တမ်းတင်ထားသည့် လူ့အခွင့်အရေးချိုး ဖောက်မှု သတင်းအချက် အလက်များနှင့်အတူ တွေ့ရှိပါက၊ အဆိုပါ ကွင်းဆင်းသမားသည် မတရားသည့် ဥပဒေများအရ အရေးယူခံရနိုင်ခြင်း၊ ဟန့်တားနှောင့်ယှက်ခံရခြင်းနှင့် အကြမ်းဖက် နှိပ်စက်ခြင်း ခံရနိုင်သည်။

**မှတ်တမ်းတင်ခြင်း** – လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (ND-Burma)သည် နိုင်ငံတကာ လူ့အခွင့်အရေး အန်ဂျီအိုများ၏ ကူညီမှုဖြင့် ကွန်ရက်အဖွဲ့ဝင်အဖွဲ့အစည်းများမှ ကွင်းဆင်းအချက်အလက် ကောက်ယူသူများ ကို သင်တန်းပေးသည်။ ထို့နောက် ကွင်းဆင်းအချက်အလက်ကောက်ယူသူများသည် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် တွေ့ဆုံမေးမြန်း၍ လူ့အခွင့်အရေးဆိုင်ရာ သတင်းအချက်အလက်များကို ကောက်ကူ စုဆောင်းသည်။

ဖြစ်ရပ်တခုချင်းစီအား ရရှိသည့် အခွင့်အလန်းနှင့် အခြေအနေအပေါ် မူတည်၍ ကောက်ယူရသည်။ ယခုအစီရင်ခံသည့် အချိန်ကာလအတွင်း ဖြစ်ရပ်များသည် အစိုးရစစ်တပ်နှင့် တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့များ (EAOs) များ ကျူးလွန်မှုများ ဖြစ်သည်။

သို့သော်လည်း မိမိတို့အနေဖြင့် သတင်းအချက်အလက်များ စုဆောင်းရန်အတွက် ကန့်သတ်ချက်အချို့နှင့် ကြုံတွေ့ရသည်။ လုံခြုံရေးတင်းကြပ်ထားမှုကြောင့် မြန်မာနိုင်ငံတဝှန်းဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအား ND-Burma မှ ကွင်းဆင်းသတင်းကောက်ယူ သူများသည် စုဆောင်း၊ မှတ်တမ်းတင်နိုင်ခြင်း မရှိပါ။

လက်ရှိစစ်ပွဲများ ဖြစ်ပွားနေခြင်းနှင့် စစ်ပွဲကြောင့် ထွက်ပြေး၊ တိမ်းရှောင် နေရမှုတို့ကလည်း ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်ရှိ လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပွားနေသည့် ဒေသများသို့ သွားရောက် မှတ်တမ်းတင်ရန် အတွက် အတားအဆီးများ ဖြစ်ပေါ်စေသည်။

နောက်ဆုံးအနေဖြင့် စစ်တပ်အနေဖြင့် အပစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်နေသည့် ယဉ်ကျေးမှုနှင့် လူ့အခွင့်အရေး ချိုးဖောက်ခံရသူတို့မှာလည်း လက်စားချေ၊ ဒဏ်ခတ်ခံရမည်ကို ကြောက်ရွံ့နေမှု ရှိနေသဖြင့် ထုတ်ဖော်ပြောဆိုရန် အခွင့်အရေး ရနေသည့်တိုင်အောင်

ပြောဆိုရန် ဝန်လေးနေကြခြင်း တို့ကြောင့်ဖြစ်သည်။

မည်သည့်အခက်အခဲများရှိနေပါစေ ND-Burma မှ ကွင်းဆင်းသတင်းကောက်ယူသူများသည် မြန်မာနိုင်ငံတွင် ဆက်လက်ဖြစ်ပေါ်နေသည့် လူ့အခွင့်အရေးအခြေအနေများကို မီးမောင်းထိုးပြနိုင်ရန် အချက်အလက်များကို ကြိုးပမ်းကောက်ယူ၊ စုဆောင်းကြပါသည်။

**အချက်အလက်စီမံခန့်ခွဲမှု** – လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (ND-Burma) အဖွဲ့ဝင် အဖွဲ့အစည်းများမှ ကွင်းဆင်းအချက်အလက်ကောက်ယူ စုဆောင်းသူများ ပေးပို့လာသည့် အချက်အလက်များကို သက်ဆိုင်ရာ မိခင်အဖွဲ့အစည်းထံသို့ ပေးပို့သည်။ ထို့နောက် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ ကွန်ရက် ၏ ဒေတာဘေ့စ်အ တွင်း သတင်းအချက်အလက်များ ထည့်သွင်းသည်။

ND-Burma ၏ အချက်အလက် စီမံခန့်ခွဲရေးအလုပ်အဖွဲ့ (Data Management Team) က အချက်အလက်များအား သုံးသပ်၍၊ ပြင်ဆင်စုစည်းပြီး ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအတွင်း ဖြစ်ပွားခဲ့သော ချိုးဖောက်မှုများ အနက်မှ အစီရင်ခံစာတွင် အသုံးပြုရန် သင့်လျော်သည့် အဖြစ်အပျက်များကို ရွေးချယ်သည်။ ယခုအစီရင်ခံစာ ကာလမတိုင်ခင် ဖြစ်ပွားခဲ့သော တခြားသတင်း အချက်အလက်များ ကိုလည်း ပိုမိုအားကောင်း သည့် သမိုင်းမှတ်တမ်းအဖြစ် သိမ်းဆည်းထားမည်သည်။

# အကျဉ်းချုပ်

- ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ် ၇ ခုတို့တွင် ဖြစ်ပွားခဲ့သည့် လူ့ အခွင့်အရေးချိုးဖောက်မှု ၂၃၉ ခု ကို ND-Burma မှ မှတ်တမ်းတင်နိုင်ခဲ့သည် (နောက်ဆက်တွဲ ၃ ကို ကြည့်ပါ)။ ၂၀၁၈ ခုနှစ်တွင် မှတ်တမ်းတင်နိုင်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှု ၅၂ ခုကို မှတ်တမ်း တင်နိုင်ခဲ့ရာ နှိုင်းယှဉ်ချက်အရ ၂၀၁၉ ခုနှစ် ပထမ ၆ လ အတွင်းတွင်ပင် မှတ်တင်းတင်နိုင်မှုက ၂၀၁၈ ခုနှစ် တနှစ်လုံး မှတ်တမ်းတင်နိုင်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများထက် ၃၆၀ ရာခိုင်နှုန်းပိုများ လာသည်ကို တွေ့ရသည်။

- ၂၀၁၈ ခုနှစ် ဇန်နဝါရီမှ ဒီဇင်ဘာ တနှစ်လုံးလူ့အခွင့်အရေးချိုးဖောက်မှုများကို ND-Burma မှ မှတ်တမ်း တင်နိုင်မှုနှင့် သွေဖည်ကာ ရခိုင်ပြည်နယ်ရှိ တိုက်ပွဲများကြောင့် ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေးချိုး ဖောက်မှု ၇၀ ရာခိုင်နှုန်း (၁၆၉ ခု)၊ ကချင်ပြည်နယ်တွင် ၁၀ ခုနှင့် ရှမ်းပြည်နယ်တွင် ၄၂ ခုကို ND-Burma အဖွဲ့ဝင်များက မှတ်တမ်းတင်နိုင်ခဲ့သည်။

- ဖြစ်ရပ်အများစုမှာ အရပ်သားများရှိသည့်နေရာများကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စိတ်ထင် တိုင်း ရမ်းသမ်းပစ်ခတ်ခြင်း၊ လေယာဉ်ဖြင့်ဗုံးကြဲခြင်းတို့ကြောင့် အရပ်သားများ ထိခိုက်၊ သေဆုံးရခြင်း။ တရားလက်လွတ် သတ်ဖြတ်ခြင်း။ မြေမြှုပ်မိုင်းများကြောင့် ထိခိုက်၊ သေဆုံးရခြင်း။ လူ့ဂုဏ်သိက္ခာနှင့် အညီ ဆက်ဆံမခံရခြင်း။ အတင်းအဓမ္မဖမ်းဆီးခြင်းနှင့် ပျောက်ဆုံးသွားခြင်းများဖြစ်သည်။

- ညှဉ်းပန်းနှိပ်စက်ခြင်း၊လူ့ဂုဏ်သိက္ခာကျဆင်းစေရန်ပြုမူခြင်း၊တရားလက်လွတ်သတ်ဖြတ်ခြင်း၊အတင်းအဓမ္မဖမ်းဆီး၊ထိန်းသိမ်းခြင်း၊ ပျောက်ဆုံးသွားခြင်း၊ လက်နက်ကြီးဖြင့် ပတ်ခတ်ခြင်း၊ လေယာဉ်ဖြင့်ဗုံးကြဲခြင်း တို့အပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှု အများစု ကို အစိုးရတပ်များက ကျူးလွန်ခြင်းဖြစ်ပြီး (ချိုးဖောက်မှု ၁၅၀)။ အတင်းအဓမ္မဖမ်းဆီး ထိန်းသိမ်းခြင်း၊ ပျောက်ဆုံးသွားခြင်း၊ လူ့ဂုဏ် သိက္ခာနှင့်အညီ မဆက်ဆံခြင်း၊ လူသစ်စုဆောင်းခြင်းနှင့် တိုင်းရင်းသားလက်နက်ကိုင်အချင်းချင်း အရပ်သားများနေထိုင်ရာ အနီး တွင်တိုက်ပွဲဖြစ်ပွားသဖြင့် ရွာသားများသေဆုံးဖြင်းတို့အပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှု (၂၂ခု) ကိုတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက ကျူးလွန်ကြ သည်ကိုလည်း ND-Burma အဖွဲ့ဝင်များက မှတ်တမ်းတင်နိုင်ခဲ့ကြသည်။ မည်သည့်အဖွဲ့က ထောင် ထား မှန်း မသိသည့် မြေမြှုပ်မိုင်းများကြောင့် သေဆုံးရသည့် ဖြစ်ရပ် (၃၂ ခု) ကိုလည်း မှတ်တမ်းတင်နိုင်ခဲ့ သည်။

- ၂၀၁၉ ခုနှစ် ပထမ ၆ လအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများ များပြားလာသည်ကို ND-Burma မှတ်တမ်းများက ပြသနေသည်။ မြန်မာ့တပ်မတော်က အထူးသဖြင့် ရခိုင်နှင့် ရှမ်းပြည်နယ်တို့ရှိ အရပ်သားများ နေထိုင်သည့်နေရာများသို့ လက်နက်ကြီး လက်နက် ငယ်များဖြင့် ရမ်းသမ်းပစ်ခတ်ခြင်း၊ လေယာဉ်ဖြင့် ဗုံးကြဲခြင်းတို့ကြောင့်ဖြစ်သည်။ တိုက်ပွဲများဖြစ်ပွားနေသည့် ဒေသများရှိ ပြည်သူများ မှာ တိုက်ပွဲဒဏ်ကို အပြင်းထန်ဆုံး ဆက်လက်ခံစားနေရပြီး အစိုးရတပ်များနှင့် တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အစည်းများ၏ လူ့အခွင့်အရေးချိုးဖောက် ကျူးလွန်မှုများကိုလည်း ခံကြရသည်။ ယခုအချိန်တွင် လက်နက်ကိုင် ပဋိပက္ခများ ရပ်တန့်ရန် အရေးတကြီး လိုအပ်နေပြီး လူ့အခွင့်အရေးချိုးဖောက်မှုများ ၏ နောက်ဆက်တွဲဆိုးကျိုးကို ခံစားရသူများအတွက် အစိုးရမှ ဦးဆောင် တာဝန်ယူ သည့် ပြန်လည်ကုစားပေးလျော်မှု အစီအစဉ်များ ဆောင်ရွက်ရန်နှင့် အဆိုပါ ကျူးလွန်မှုများအတွက် အပြစ်ကျူးလွန်သူများ ပြစ်ဒဏ် ပေးအရေးယူခံရခြင်းမှ ကင်းလွတ်နေသည်ကိုလည်း အဆုံးသတ်ရမည်ဖြစ်သည်။

# ခြုံငုံသုံးသပ်ချက်

## တိုက်ပွဲများနှင့် ထွက်ပြေးတိမ်းရှောင်ရမှုများ

၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ တိုက်ပွဲပေါင်း ၁၅၆ ပွဲဖြစ်ပွားခဲ့ရာ လွန်ခဲ့သည့် ၆ လအတွင်း ဖြစ်ပွားသည့် တိုက်ပွဲအရေအတွက်ထက် ၆၄ ရာခိုင်နှုန်းပိုများလာခြင်းဖြစ်သည်။[၁] တိုက်ပွဲအများစုမှာ ရခိုင်ပြည်နယ် နှင့် ချင်းပြည်နယ်တို့တွင် ရခိုင့်တပ်မတော် (AA) နှင့် မြန်မာ့တပ်မတော်တို့ အကြားဖြစ်ပွားခြင်းဖြစ်ပြီး တိုက်ပွဲ ၉၈ ကြိမ်ဖြစ်ပွားရာ ပျမ်းမျှခြင်းအားဖြင့် တလတွင် တိုက်ပွဲ ၁၆ ကြိမ်ဖြစ်ပွားခြင်းဖြစ်သည်။ မြန်မာ့တပ်မတော်မှ တဖက်သတ် အပစ်အခတ်ရပ်စဲထားသည့် မြန်မာပြည်မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတွင်လည်း မြန်မာစစ်တပ် နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAOs) အကြား ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် တိုက်ပွဲ ၃၇ ကြိမ်ဖြစ်ပွားခဲ့သည်ကို မှတ်တမ်းတင်နိုင်သည်။ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၊ ရှမ်းပြည်တပ်မတော် တောင်ပိုင်း (RCSS/SSA-S) နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည် တပ်မတော် မြောက်ပိုင်း (SSPP/SSA-N) အကြားနှင့် RCSS နှင့် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တို့အကြား ဖြစ်ပွားသည့် တိုက်ပွဲများအပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အချင်းချင်းဖြစ်ပွားသည့် တိုက်ပွဲ ၁၁ ကြိမ်ဖြစ်ပွားသည်ကို တွေ့ရသည်။

တိုက်ပွဲများဆက်လက်ဖြစ်ပွားနေသည့်အတွက် ၂၀၁၉ ခုနှစ် ပထမ ၆ လအတွင်းပြည်သူ ၂၇,၀၀၀ ကျော်မှာ စစ်ဘေးမှ လွတ်မြောက်ရန် ထွက်ပြေးတိမ်းရှောင်နေရသည်။[၂] ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံး (OCHA) ၏ စာရင်းအရ ယခုနှစ် ဇန်နဝါရီလမှ ဧပြီလအစပိုင်းအတွင်း ရှမ်းပြည်မြောက်ပိုင်း တခုတည်းတွင်ပင် စစ်ရှောင်ဒုက္ခသည် ၁၀,၅၀၀ ကျော်ရှိနေသည်။[၃] ဇွန်လအကုန်တွင် ကချင် နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့ရှိ စစ်ရှောင်ဒုက္ခသည်စခန်း ၁၆၉ နေရာတွင် ဒုက္ခသည်ပေါင်း ၁၀၆,၆၄၇ ခန့်ရှိပြီး။[၄] ကရင်ပြည်နယ်တွင် စစ်ရှောင် ၅,၆၀၀ နှင့် ရခိုင်ပြည်နယ်ရှိ တိုက်ပွဲများကြောင့် ရခိုင်ပြည်နယ်တွင် စစ်ရှောင်ဒုက္ခသည် ၁၂၉,၀၀၀ ခန့်ရှိနေသည်။[၅]

မတ်လတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံက အငြင်းပွားဖွယ် အစီအစဉ်တရပ်အဖြစ် ရိုဟင်ဂျာ ဒုက္ခသည် ထောင်ပေါင်းများစွာကို ဘင်္ဂလားပင်လယ်အော်ရှိ ဝေးလံခေါင်သီသည့် ကျွန်းသို့ ဧပြီလအစပိုင်းတွင် ပို့ဆောင်မည်ဟု ကြေငြာခဲ့သည်။[၆] အဆိုပါကျွန်းမှာ ရာသီဥတုဆိုးရွားသည့် ကာလများတွင် ရေလွှမ်းမိုးမှုနှင့် ရိုဟင်ဂျာများအတွက် "အကြပ်အတည်း အသစ်" ကို ဖန်တီးရာရောက်သည်ဟုလည်း တချို့က သတိပေးကြသည်။

1. Data collated from Myanmar Peace Monitor Dashboards, January to June 2019, and from Karen Human Rights Group. Note that the total number of clashes taken from the Myanmar Peace Monitor was the sum of the clashes documented in each individual monthly dashboard and not the total number of clashes provided for each month.
2. Data collated from Myanmar Peace Monitor Dashboards.
3 See, Myanmar: New Displacement in Shan State (1 Jan to 9 Apr 2019), OCHA, 22 April 2019.
4. OCHA, Myanmar: IDP Sites in Kachin and Northern Shan States (as of 30 June 2019), 18 July 2019.
5. OCHA, About OCHA Myanmar, accessed 8 August 2019.
6. Frontier Myanmar, 13 March 2019, "Bangladesh to Move Rohingya to Island Next Month: Minister."

## မြောက်ပိုင်းဒေသ အပစ်အခတ်ရပ်စဲရေးအခြေအနေ

၂၀၁၈ ခုနှစ် ဒီဇင်ဘာနှောင်းပိုင်းတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ တိုးတက်စေရန်အတွက် မြန်မာ့တပ်မတော်က ၄ လကြာ တဖက်သတ် အပစ်အခတ်ရပ်စဲရေးကို ကြေငြာခဲ့သည်။[7] သို့သော်လည်း မြန်မာ့တပ်မတော်နှင့် တိုင်း ရင်းသားလက်နက်ကိုင်အဖွဲ့များအကြား ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေပြီး အပစ်အခတ်ရပ်စဲရေးတွင် ဖယ်ချန်ခံထားရသည့် ရခိုင့်တပ်မတော် (AA) နှင့်လည်း ရခိုင်နှင့် ချင်းပြည်နယ်တို့တွင် တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားနေသည်။ အပစ်အခတ်ရပ်စဲရေးတွင် AA အားပါဝင်စေရန် မြောက်ပိုင်းမဟာမိတ်အဖွဲ့က တိုက်တွန်းနေသော်လည်း ၎င်းတို့ကို ဖယ်ချန်ထားခြင်းသည် အပစ်ခတ်ရပ်စဲရေး အကောင်အထည် ဖေါ်ခြင်းကို ရပ်ပျက်စေပြီး မသေချာမရေရာဖြစ်နေသည့် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်ကို ပြန်လည်အားဖြည့် အသက်ဝင်စေမည့် မည်သည့် အဓိပ္ပာယ်ရှိသော တွေ့ဆုံဆွေးနွေးမှုကိုမဆို ထိခိုက်စေပါသည်။

တင်းမာနေသည့်မရေရာမှုကာလတခုကိုကျော်လွန်ပြီးသည့် ၂၀၁၉ ခုနှစ်ဧပြီလကုန်တွင်မြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင်များဖြစ်သည့် ကချင်လွတ်လပ်ရေးတပ်မတော် (KIA)၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)၊ မြန်မာဒီမိုကရေစီမဟာမိတ်တပ်မတော် (MNDAA) တို့ အခြေစိုက်ရာ ပဋိပက္ခဒေသများ ပါဝင်သည့် စစ်တိုင်းဒေသ ၅ ခုတွင် အပစ်ခတ်ရပ်စဲရေးကို နောက်ထပ် ၂ လ တိုးချဲ့လိုက်ခြင်းဖြစ်သည်။ ဩဂုတ်လ ၃၁ ရက်တွင် ပြီးဆုံးသွားသည့် အပစ်အခတ်ရပ်စဲရေးကဲ့သို့ပင် လက်ရှိအပစ်အခတ်ရပ်စဲရေးတွင်လည်း AA ကို ချန်လှပ်ထားခဲ့ပြန်သည်။

ယခုလို အပစ်အခတ်ရပ်စဲရေးကို ကြေငြာခဲ့သော်လည်း မြန်မာ့တပ်မတော်အနေဖြင့် ကချင်နှင့် ရှမ်းပြည်နယ်တို့တွင် စစ်တပ်စခန်းသစ်များ တိုးချဲ့နေခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAOs) နှင့် တိုက်ပွဲများဆက် လက်ဖြစ်ပွားခဲ့သည်။ တပ်မတော်မှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား စိတ်ထင်တိုင်း ပစ်ခတ်ခြင်း၊ လက်နက်ကြီးဖြင့်ပစ်ခတ် တိုက်ခိုက်ခြင်းနှင့် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခြင်းတို့ကြောင့် အပစ်အခတ်ရပ်စဲရေး ပထမလေးလကာလနှင့် ထပ်မံတိုးချဲ့သည့် ကာလများအတွင်း အရပ်သားများ သေဆုံး၊ ဒဏ်ရာရမှု၊ ထွက်ပြေး တိမ်းရှောင်ရမှုများနှင့် မြန်မာစစ်တပ်၏ စစ်အင်အားတိုးချဲ့မှုဒဏ်ကို ပိုမိုခံကြရသည်။

## ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းအခြေအနေ

ယခုအစီရင်ခံသည့် ၂၀၁၉ ခုနှစ် ဇန်နဝါရီမှ ဇွန်လအတွင်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသည်။ မြန်မာ့တပ်တော်နှင့် KIA, TNLA, SSPP/SSA-N တပ်များအကြား ကချင်ပြည်နယ် နှင့် ရှမ်းပြည်မြောက်ပိုင်းတို့တွင် တိုက်ပွဲများ ဖြစ်ပွားကြပြီး မတ်လနှင့် ဧပြီလတွင် တိုက်ပွဲများ အပြင်းအထန် ဖြစ်ပွားခဲ့သည်။ ထို့အပြင် ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် RCSS နှင့် မြောက်ပိုင်းမဟာမိတ်အဖွဲ့များအကြား ရှမ်း ပြည်နယ်တွင် တိုက်ပွဲများဖြစ်ပွားခဲ့သည်။

7. The Irrawaddy, 21 December 2018, “Tatmadaw Announces Four-Month Ceasefire in North, Northeast.”

တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသဖြင့် ရှမ်းပြည်နယ်ရှိ အရပ်သားထောင်ပေါင်းများစွာမှာ ထွက်ပြေးတိမ်း ရှောင်နေရသည်။ ဖေဖော်ဝါရီလတွင် SSP/SSA-N နှင့် RCSS/SSA တို့တိုက်ပွဲဖြစ်ပွားပြီးနောက် ရှမ်းပြည်ရှိ ကျေးရွာသုံးရွာမှ ရွာသား ၇၀၀ ကျော် ထွက်ပြေးတိမ်းရှောင်နေရသည်။ တိုက်ပွဲများဆက်လက်ဖြစ်ပွားနေသဖြင့် ရွာသားများမှာ လုံခြုံစိတ်ချစွာဖြင့် မည်သည့်အချိန်တွင် နေရပ်ရင်းသို့ပြန်ရန်နှင့် အခြေခံရိက္ခာများ ရရှိရန် မသေချာပေ (ဖြစ်ရပ် ၁)။[၈] မတ်လတွင် ရှမ်းပြည်နယ် သီပေါမြို့နယ်အနီးရှိ SSPP/SSA-N စခန်းအား မြန်မာ့တပ်မတော်မှ ရဟတ်ယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်သဖြင့် ရွာသား ၅၀၀ ခန့် ထွက်ပြေးတိမ်းရှောင်နေရပြီး[၉] မြန်မာ့တပ်မ တော်နှင့် SSPP/SSA-N နှင့် TNLA ပူးပေါင်းတပ်များအကြား ရှမ်းပြည်နယ် နမ္မတူမြို့နယ်တွင် တိုက်ပွဲဖြစ်ပွားပြီး နောက် အခြားရွာသား ၂၀၀ မှာလည်း ဘေးလွတ်ရာလို့ ထွက်ပြေးတိမ်းရှောင်နေရသည်။[၁၀]

တိုက်ပွဲများမှာ ရွာသားများနေထိုင်ရာ သို့မဟုတ် အနီးတဝိုက်တွင် ဖြစ်ပွားသဖြင့် အဆိုပါဒေသအတွင်းရှိ ပြည် သူများမှာ စစ်ဒဏ်ကို ဆက်လက်ခံနေကြရပြီး အရပ်သားများအပေါ် ကျူးလွန်နေသည့် ဆိုးရွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကိုလည်း ND-Burma အဖွဲ့ဝင်များက မှတ်တမ်းတင်ထားသည်။ ဧပြီလတွင် ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့နယ် နမ့်ဆရီးရွာတွင် မြန်မာ့တပ်မတော်နှင့် TNLA တို့အကြား တိုက်ပွဲဖြစ်ပွားပြီးနောက် အိမ်များ ဖျက်ဆီးခံရကာ ရွာသား ၉ ဦးအား TNLA စစ်သားဟု သံသယဖြင့် စစ်တပ်မှ ဖမ်းဆီးရိုက်နှက်ခဲ့သည် (ဖြစ်ရပ် ၂)။ မေလတွင် လက်ဖက်ခူးနေသည့် အသက် ၂၇ နှစ်အရွယ် အမျိုးသမီးတဦးကို ရှမ်းပြည်နယ်၊ နမ့်ဆန်မြို့နယ်၊ ဟုခင်ရွာ အနီးတွင် တပ်စွဲထားပြီး ဒေသတွင်းလှုပ်ရှားနေသည့် မြန်မာ့တပ်မတော် ခမရ ၂၅၈၊၂၅၅ နှင့် ၂၅၂ တို့မှ စစ်သားများက သေနတ်ဖြင့်ချိန်ပြီး အဓမ္မပြုကျင့်ခဲ့သည် (ဖြစ်ရပ် ၃)။[၁၁] အဆိုပါ အမှုကို ဒေသခံ ရဲတပ်ဖွဲ့သို့ တိုင်ကြားခဲ့ပြီး အမှုကို စတင်စစ်ဆေးနေသည်။

မြေမြှုပ်မိုင်းများမှာလည်း ရွာသားများအတွက် အန္တရာယ်ဖြစ်နေပြီး တောထဲတွင် အစားအသောက်ရှာဖွေသူများ (ဖြစ်ရပ် ၄) သို့မဟုတ် စိုက်ခင်းများအား ထိန်းသိမ်းစောင့်ရှောက်သူများ (ဖြစ်ရပ် ၅) သေဆုံး၊ ဒဏ်ရာရမှုများ ရှိနေသည်။ မတ်လနှောင်းပိုင်းတွင် မြေမြှုပ်မိုင်းကြောင့် ရှမ်းပြည်မြောက်ပိုင်း၊ နမ္မတူမြို့နယ်၊ မန်လီကျေးရွာအပြင် ဖက် စိုက်ခင်းတွင် အလုပ်လုပ်နေသည့် ရွာသား ၃ ဦးသေဆုံးပြီး၊ ၄ ဦး ဒဏ်ရာရသွားသည် (ဖြစ်ရပ် ၅)။ ရွာလူကြီး တဦး၏ အဆိုအရ "ရွာသားတွေကို တောထဲမသွားဖို့ ငါသတိပေးထားတယ်။ ဒါပေမယ့် တိုက်ပွဲတွေကြားက ထွက်ပြေးလာရတာလဲ ကြာပြီ၊ သူတို့အလုပ်မလုပ်ကြရင်လည်း နောက်နှစ်အတွက် စားစရာရှိမှာ မဟုတ်ဘူး။ ဆိုတော့ သူတို့ အလုပ်သွားလုပ်ကြတယ်။" နောက်ထပ် ဖြစ်ရပ်တခုတွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ခမ်းမြို့နယ်၊ မန်ပန်ကျေးရွာတွင် ကလေးများ ဆော့ကစားနေသည့် နေရာအနီးတွင် မပေါက်ကွဲသေးသည့် မိုင်း တလုံးထပေါက်သဖြင့် ကလေး ၂ ဦးသေဆုံးပြီး အခြား ၈ ဦးမှာ နမ့်ခမ်း ဆေးရုံတွင် တက် ရောက်ကုသနေရ သည် (ဖြစ်ရပ် ၁၆)။

အပစ်အခတ်ရပ်စဲရေးကာလအတွင်း တပ်မတော်က အရပ်သားများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ အပြင် အဆိုပါဒေသတွင်း မြန်မာ့တပ်မတော်မှ တပ်နေရာတိုးချဲ့ချထားမှုကိုလည်း ND-Burma အဖွဲ့ဝင်များမှ မှတ် တမ်းတင်ထားသည်။[၁၂] ၂၀၁၉ ခုနှစ် ဇန်နဝါရီလ

8. TWO, Human Rights Bulletin, 22 February 2019.
9. Network Media Group, 13 March 2019, "Hundreds of Civilians Displaced in Tatmadaw Air Strike on SSPP."
10. Radio Free Asia, 28 March 2019, "More Than 200 Villagers Displaced by Fighting in Myanmar's Northern Shan State."
11. TWO, Human Rights Bulletin, 11 May 2019. See also, The Irrawaddy, 17 May 2019, "Ta'ang Rape Victim Claims Attackers Army Soldiers."
12. See, Shan Herald News Agency, 7 February 2019, "EAOs: Burma Army Establishes New Military Camps During Unilateral Ceasefire."

မှစပြီး မြန်မာ့တပ်မတော်မှ စစ်စခန်း ၁၂ ခုကို တိုးချဲ့တည်ဆောက်ခဲ့ပြီး စခန်း ၁၁ ခုမှာ လက်ရှိအချိန်ထိ ဆက်ရှိနေသည်။[၁၃] အသစ်တိုးချဲ့ထားသည့် တပ်စခန်းများကို လမ်းမကြီးများတလျှောက် (သို့မဟုတ်) သဘာဝဓာတ် ငွေ့ပိုက်လိုင်းတလျှောက်နှင့် ကျေးရွာများအနီးတွင် တည်ဆောက်ထားခြင်းဖြစ်သည့်အတွက် ရွာသားများမှာ မြန်မာ့တပ်မတော်မှ စစ်သားများ၏ အကြမ်းဖက်မှုနှင့် တပ်မတော်နှင့် EAOs များ အကြားတိုက်ပွဲတွင် ပိတ်မိမည် ကို စိုးရိမ်နေကြသည်။

## ရခိုင်ပြည်နယ်အခြေအနေ

ယခုအစီရင်ခံသည့်ကာလတွင် ၂၀၁၈ ခုနှစ် နောက်ဆုံးလေးလပတ်မှစပြီး မြန်မာ့တပ်မတော်နှင့် ရက္ခိုင်အမျိုး သားအဖွဲ့ချုပ် (ULA) ၏စစ်ရေးအင်အားစုဖြစ်သည့် ရခိုင့်တပ်မတော် (AA) တို့အကြား ရခိုင်ပြည်နယ်တွင် တိုက်ပွဲများပြင်းထန်လာသည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီတွင် AA မှ ဘူးသီးတောင် မြို့နယ်ရှိ ရဲ စခန်း ၄ ခုကို ဝင် ရောက်တိုက်ခိုက်ပြီး ၁၃ ဦးသေဆုံး၍ ၉ ဦးဒဏ်ရာရပြီးနောက် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တိုက်ပွဲ များ တဖြည်းဖြည်းပြင်းထန်ကာ ဆက်လက်ဖြစ်ပွားနေသည်။ ယခုနှစ် ဇန်နဝါရီလမှ ဇွန်လ အထိ မြန်မာ့တပ်မတော်နှင့် AA တို့အကြား ရခိုင်နှင့် ချင်းပြည်နယ်တို့တွင် တိုက်ပွဲ ၉၈ ကြိမ်ဖြစ်ပွားခဲ့သည်။[၁၄]

မြန်မာ့တပ်မတော်မှ စိတ်ထင်တိုင်းပစ်ခတ်ခြင်း၊ လေကြောင်းမှ ဗုံးကြဲခြင်းနှင့် လက်နက်ကြီးများပစ်ခတ်ခြင်းကြောင့် အရပ်သားတော်တော်များများ သေဆုံး၊ ဒဏ်ရာရမှုများဖြစ်ပွားခဲ့သည်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ တွင် မြန်မာ့တပ်မတော်မှ ရသေ့တောင်မြို့နယ်၊ မင်းဖြူ ကျေးရွာသို့ စိတ်ထင်တိုင်းပစ် ခတ်သဖြင့် ၁၉ နှစ်အရွယ် အမျိုးသမီးတဦး သေဆုံးပြီး ၄ နှစ်အရွယ် ကလေးတဦးအပါအဝင် အတော်များများ ဒဏ်ရာရသွားသည် (ဖြစ်ရပ် ၆)။[၁၅] ၂၀၁၉ ခုနှစ် မတ်လတွင် မြန်မာ့တပ်မတော်မှ ဘူးသီးတောင်မြို့နယ်၊ စေတောင်ကျေးရွာသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်သဖြင့် မိသားစုဝင် ၄ ဦးနှင့် အခြားမိသားစုမှ သက်ကြီးရွယ်အို အမျိုးသမီး တဦး သေဆုံးရသည် (ဖြစ်ရပ် ၇)။ ဧပြီလတွင် ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ ဝါးကြီးတောင်ရွာအနီးသို့ လက်နက် ကြီးများဖြင့် ပစ်ခတ်သဖြင့် အသက် ၇၄နှစ်အရွယ် ချင်း အဖွားအိုတဦးသေဆုံးပြီး သူ၏သမီးလည်း ဒဏ်ရာရသွားသည်။ ရွာသားများမှာ လယ်ယာလုပ်ငန်းခွင်သို့ သွားရောက်အလုပ်လုပ်ရန် တွန့်ဆုတ်နေကြသည် (ဖြစ်ရပ် ၈)။[၁၆]

ရခိုင်ပြည်နယ်ရှိ ရွာသားများမှာ အစိုးရတပ်များ၏ အတင်းအဓမ္မဖမ်းဆီး၊ ထိန်းသိမ်းခံရခြင်း၊ ညှဉ်းပန်းနှိပ်စက်ခံရခြင်းနှင့် တရားလက်လွတ် သတ်ဖြတ်ခြင်းများခံနေရသည်။ ဥပမာအနေဖြင့် ဖေဖော်ဝါရီလက ကျောက်တော်မြို့နယ်တွင် အသက် ၁၇ နှစ်ရှိ ရခိုင်လူငယ်တဦးမှာ ခမရ ၅၃၉ ၏ ဖမ်းဆီး ရိုက်နှက်စစ်ဆေးခြင်းခံရသည် (ဖြစ်ရပ် ၉)။ ထို့အပြင် မေလအစောပိုင်းတွင်လည်း ရသေ့တောင် မြို့နယ်၊ ကျောက်တန်းရွာတွင် မြန်မာ့တပ်မတော်မှ ရွာ သား ၂၇၅ ဦးအား ၃ ရက်ကြာ ထိန်းသိမ်းခဲ့ပြီးနောက် ရွာသား ၆ ဦးမှာ ပစ်သတ်ခံရပြီး အခြား ၈

13. The list of camps established according to current information include: Shan State—4 camps in the Mone Se and Ta Moe Nye sub-townships and Kutkai Township (eventually removed), 1 camp in Mine Lone sub-township, 1 camp in Namkham Township, 3 camps in Mantong Township, 1 camp in Mong Mit Township; Mandalay Region—2 camps in Mogok Township.
14. Data collated from Myanmar Peace Monitor Dashboards, January to June 2019.
15. AASYC, Human Rights Bulletin, 20 February 2019 (1/2).
16. CHRO, Human Rights Bulletin, 14 April 2019.

ဦးမှာ ဒဏ်ရာရရှိခဲ့သည် (၄င်းတို့ထဲမှ ၂ဦးမှာ ဆေးရုံတွင် ထပ်မံသေဆုံးသွားသည်) (ဖြစ်ရပ် ၁၀)။

၂၀၁၉ ခုနှစ် ဇန်နဝါရီလ၊ ရခိုင်ပြည်နယ်တွင် တိုက်ပွဲများ စတင်ဖြစ်ပွားခဲ့ချိန်မှစ၍ မြန်မာ့တပ်မတော်နှင့် AA အ ဖွဲ့မှ လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေကို ချိုးဖောက်မှုများကို မှတ်တမ်းတင် ထားသည့် အစီရင်ခံစာကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (AI) မှ မေလနှောင်းပိုင်းတွင် ထုတ်ပြန်ခဲ့သည်။[17] အစီရင်ခံစာတွင် အရပ်သားများ ထိခိုက်၊ သေဆုံးစေသည့် စိတ်ထင်တိုင်းပစ်ခတ်မှုနှင့် ဥပဒေမဲ့ တိုက်ခိုက်များကို မြန်မာ့တပ်မတော်မှ ကျင့်သုံးနေပြီး အဆိုပါ စစ်ဥပဒေချိုးဖောက်မှုများအတွက် ကျူးလွန်သူများအား အပြစ်ပေးအရေးယူခြင်း မရှိသလို တာဝန်ယူ တာဝန်ခံမှုလည်း မရှိသဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင် စီမှ အရေးပေါ် တုန့်ပြန်ဆောင်ရွက်ရန် တိုက်တွန်းထားသည်။

## တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကျူးလွန်သည့် ချိုးဖောက်မှုများ

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပြည်သူ့စစ်များမှ ချိုးဖောက်မှုများကိုလည်း ND-Burma အဖွဲ့ဝင်များအနေဖြင့် မှတ်တမ်း တင်ထားသည်။ ဖေဖော်ဝါရီလလယ်တွင် ပန်ဆေးပြည်သူ့စစ်မှ ရှမ်းပြည်မြောက်ပိုင်းတွင် သက်ကြီးရွယ်အို နှစ်ဦးအား အပြင်းအထန် ရိုက်နှက် ခဲ့သည် (ဖြစ်ရပ် ၁၁)။[18] ဧပြီလတွင် ရှမ်းပြည်နယ်ရှိ နောင် အန်ရွာသား ၃ ဦးအား ပန်ဆေးပြည်သူ့စစ်မှ ဖမ်းဆီးနှိပ်စက်ခဲ့၍ တဦးမှာ အပြင်း အထန်ဒဏ်ရာရရှိပြီး နမ့်ခမ်းဆေးရုံတွင် တက်ရောက်ကုသနေရသည်။[19] နေ့စားအလုပ်ရှာနေသည့် နောက်ထပ် ရွာသား ၂ဦးအား ပြည်သူ့ စစ်များမှ ဖမ်းဆီး ရိုက်နှက်ကြသော်လည်း ဒဏ်ရာမပြင်းထန်သဖြင့် ဆေးရုံတွင်ကုသရန် မလိုအပ်ပေ။

မတ်လအစပိုင်းတွင် ရှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်ရှိ ရွာသုံးရွာမှ ရွာသားများအား KIA မှဖမ်းဆီးသွားပြီး မတ်လတွင်ပင် ဖမ်းဆီးခံရသူများကို KIA က ပြန်လွှတ်ပေးခဲ့သည် (ဖြစ်ရပ် ၁၂)။[20] မတ်လ ၅ ရက်နေ့တွင် မန်ပြိန်းကျေးရွာမှ ရွာသား ၂၀၀ ကျော်ကို KIA အဖွဲ့မှ အတင်းအဓမ္မ ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး အမျိုးသမီးတဦးအား သေနတ်ဖြင့်ချိန်ရွယ်ကာ ၎င်းတို့ဖမ်းဆီးမှုနောက်သို့ လိုက်လာရန် သတိပေး ခံရသည်။ ရှမ်းပြည်နယ်တွင် ဒါဇင်နှင့်ချီသည့် တအာင်းရွာသားများအား KIA မှ ဖမ်းဆီးမှုအပြင် RCSS/SSA မှလည်း ရွာသားများအား တပ် သားသစ်စုဆောင်းရန်အတွက် ဖမ်းဆီးခဲ့သည်။[21] ရွာသားတဦးမှ "ရှမ်းစစ်သားတွေ (RCSS/SSA-S) က ရွာတ ရွာကို လူ ၂ယောက် ပေး ရမယ်ပြောတယ်။ ဒီနေ့က သူတို့သတ်မှတ်ထားတဲ့ နောက်ဆုံးနေ့ပဲ၊ ရွာဥက္ကဋ္ဌနဲ့ အတွင်း ရေးမှူးက သူတို့တောင်းတဲ့အတိုင်း ရှာမပေးနိုင်ဘူး။ သူတို့က (RCSS/SSA-S) ရွာသားတွေကို ဖမ်းဆီးသွား တယ်။ ဘယ်ကိုခေါ်သွားလဲတော့ မသိဘူး" ဟုပြောသည်။[22]

မတ်လနှောင်းပိုင်းတွင် TNLA စစ်သားများက ကွတ်ခိုင်မြို့နယ်၊ လွယ်စရန်းရွာမှ ရွာသားကို ရိုက်နှက်ခဲ့သည် (ဖြစ်ရပ် ၁၃)။ ရိုက်နှက်ခံရပြီးနောက် ရွာသားမှာ ဒဏ်ရာပြင်းထန်စွာရရှိသွားပြီး ဆေးရုံတက်ကုသခဲ့ရသည်။ နောက်ထပ် ဖြစ်ရပ်တခုမှာ ရှမ်းပြည်နယ်၊

17. Amnesty International, 29 May 2019, "'No One Can Protect Us': War Crimes and Abuses in Myanmar's Rakhine State."
18. TWO, Human Rights Bulletin, 24 February 2019.
19. TWO, Human Rights Bulletin, 22 April 2019.
20. TWO, Human Rights Bulletin, 10 March 2019.
21. TSYU, Human Rights Bulletin, 1 March 2019; TWO, Human Rights Bulletin, 28 June 2019; TWO, Human Rights Bulletin, 3 June 2019.
22. TWO, Human Rights Bulletin, 28 June 2019; TWO, Human Rights Bulletin, 3 June 2019.

နမ့်ခမ်းမြို့နယ် မန်အောင်ကျေးရွာတွင် TNLA အဖွဲ့ကမူးယစ်ဆေးဝါး နှိမ်နင်းရင်း ဖမ်းဆီးသွားသည့် ရွာသားတဦး၏ ရုပ်အလောင်းတွင် လည်ပင်းကို ကြိုးချည်ထားပြီး စစ်ဖိနပ်ရာနှင့် ဒဏ်ရာများတွေ့ရသည် (ဖြစ်ရပ် ၁၄)။[၂၃] ရှမ်းပြည်နယ်၊ နမ့်ဆန်မြို့နယ်၊ ဇယ်တုန်းဟုန်းရွာတွင်လည်း မူးယစ်ဆေးဝါးမှုဖြင့်ဖမ်းဆီးခံထားရသည့်ရွာသားသည် TNLAစစ်သားအားထိုးကြိတ်ပြီးထွက်ပြေးရန်ကြိုးစားရာပစ်သတ်ခံလိုက်ရသည်။[၂၄]

AA အဖွဲ့မှ အရပ်သားများအပေါ် ကျူးလွန်ချိုးဖောက်မှုများကိုလည်း ND-Burma အဖွဲ့ဝင်များအနေဖြင့် မှတ် တမ်းတင်ထားသည်။ ဖေဖော်ဝါရီလတွင် AA အဖွဲ့မှ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်မှ ချင်းအရပ်သား ၅၂ ဦးကို အဓမ္မဖမ်းဆီးသွားပြီး ဘင်္ဂလားဒေ့ရှ်နယ်စပ်အနီးရှိ စခန်းတွင် ထိန်းသိမ်းထားသည် (ဖြစ်ရပ် ၁၅)။[၂၅] ရွာသားတ ဦးမှ "AA အဖွဲ့တွေ ဖမ်းသွားတုန်းက ကျနော့်မိန်းမနဲ့ သမီး ၆ ယောက်ပါသွားတယ်။ ကျနော်က အဲဒီအချိန် ခရီးသွားနေတယ်။ ကျနော်အရမ်းဝမ်းနည်းပြီး ကိုယ့်ကိုယ်ကိုယ်တောင် မထိန်းနိုင်တော့ဘူး။ သူတို့ဖမ်းသွားတာ ၄ လကျော်ပြီ၊ အဆက်အသွယ်လည်း လုပ်လို့မရဘူး။ ကျနော့်မိသားစုအတွက် အရမ်းစိတ်ပူတယ်" ဟု ပြောသည်။ ၂၀၁၉ ခုနှစ် ဇွန်လအထိ အဆိုပါရွာသားများမှာ AA အဖွဲ့၏ ထိန်းသိမ်းခြင်းခံနေရသည်။ မတ်လနှောင်း ပိုင်းတွင် ချင်းပြည်နယ် ပလက်ဝမြို့နယ်တွင် လမ်းခင်းနေသည့် ဆုထူးစံကုမ္ပဏီမှ ဝန်ထမ်း ၈ ဦးကို မြန်မာ့တပ်မ တော်အတွက် သူလျှိုလုပ်ပေးသည်ဟု သံသယဖြင့် AA အဖွဲ့မှ ဖမ်းဆီးခဲ့သည်။[၂၆]

## ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ

လွှတ်တော်တွင် တပ်မတော်သားကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းပါဝင်ခွင့်ပြုသည့် စစ်အစိုးရမှ မူကြမ်းရေးဆွဲ ခဲ့သော ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအား ပြင်ဆင်ရန်အတွက် အခြေခံဥပဒေပြင်ဆင်ရေးအကောင်အထည် ဖော်မှုကော်မတီကို ပြည်ထောင်စုလွှတ်တော်မှ ဖေဖော်ဝါရီလတွင် ဖွဲ့စည်းခွင့်ပြုခဲ့သည်။[၂၇] ၂၀၀၈ ဖွဲ့စည်းပုံအခြေ ခံဥပဒေသည် ဒီမိုကရေစီသို့ အသွင်ကူးပြောင်းရာတွင် အဟန့်အတားဖြစ်စေသည်ဟုမကြာခနဖော်ပြကြသည်။ ဖွဲ့စည်းပုံပြင်ဆင်ရေးကော်မတီဖွဲ့စည်းခြင်းကိုမြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် ယန်ဟီ လီးက ကြိုဆိုကြောင်း ထုတ်ဖော်ပြောဆိုသည်။[၂၈] ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများကလည်း ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ သတင်းလွတ်လပ်ခွင့်နှင့် သတင်းအချက်အလက်များ ရယူခွင့်တို့ ပါဝင်စေရန် အခွင့်အရေးတရပ်အဖြစ် ရှုမြင်ကြသည်။[၂၉] သို့သော်လည်း သမ္မတဟောင်း ဦးသိန်းစိန်နှင့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့က အဆိုပါ ပြုပြင်ပြောင်းလဲမှုကို ဆန့်ကျင်ကြပြီး နိုင်ငံရေးအရ မတည်ငြိမ်မှု များ ဖြစ်လာနိုင်သည်ဟု သတိပေးကြသည်။[၃၀]

စစ်အစိုးရမှ မူကြမ်းရေးဆွဲခဲ့သည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် NLD ၏ကြိုးပမ်းမှုကို ထောက်ခံသူများရှိသလို ဆန့်ကျင်သူများလည်းရှိသည်။ ဥပမာ အနေဖြင့် ဧပြီလတွင် ကချင်ပြည်နယ်၊ ဖားကန့်မြို့တွင် ပြည်သူ ၂၀၀၀ ကျော်က ဖွဲ့စည်းပုံအခြေခံ ဥပဒေ

23. TWO, Human Rights Bulletin, 14 March 2019.
24. TWO, Human Rights Bulletin, 24 March 2019.
25. CHRO, Human Rights Bulletin, 27 May 2019.
26. CHRO, Human Rights Bulletin, 9 April 2019.
27. The Irrawaddy, 06 February 2019, "Parliament Approves Committee to Draft Amendments to Constitution."
28. The Myanmar Times, 08 February 2019, "Yanghee Lee Welcomes Move to Amend Charter."
29. Human Rights Watch, 11 April 2019, "Myanmar: Guarantee the Right to Free Expression in the Constitution."
30. The Irrawaddy, 22 February 2019, "In Their Own Words: Warnings against Constitutional Reform."

ပြင်ဆင်ရေး ထောက်ခံစုဝေးပွဲပြုလုပ်ခဲ့သည်။[၃၁] တချိန်တည်းတွင်ပင် စစ်ကိုင်းတိုင်းဒေသကြီးတွင် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) က ကျောထောက်နောက်ခံပြုထားသည့် ကလေးမြို့နယ် အမျိုးသားတပ်ဦး (KTNF)၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ မဘသနှင့် ကလေးတောင်သူလယ်သမားများအစည်းအရုံးတို့က ဦးဆောင်ပြီး လူ ၁၀၀၀ ခန့်ပါဝင်သည့် လက်ရှိအခြေခံဥပဒေကို ကာကွယ် သည့် ဆန္ဒပြပွဲကျင်းပခဲ့သည်။[၃၂]

ဖေဖော်ဝါရီလတွင် မြန်မာ့တပ်မတော်မှ SSPP နှင့် ပထမအကြိမ် တွေ့ဆုံခဲ့ပြီး အနာဂတ်တွင် ကျင်းပမည့် ငြိမ်းချမ်းရေးညီလာခံတွင် တက်ရောက်ရန်နှင့် တနိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အတိုင်း လိုက်တာဆောင်ရွက်ရန် မေးမြန်းခဲ့သည်။ သို့သော်လည်း SSPP ကိုယ်စားလှယ်များက ပမထဦးစွာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံး ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပါဝင်စေရန် တောင်းဆိုကြသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့မှာ မြန်မာ့တပ်မတော်နှင့် တိုက်ပွဲများဖြစ်ပွားနေ၍ ဆွေးနွေးပွဲများတွင် ပါဝင်ခွင့်မရပေ။ နောက်လတွင် မြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင်များနှင့် အစိုးရ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟို (NRPC) ကိုယ်စားလှယ်များ တရုတ်ပြည်တွင်တွေ့ဆုံပြီး ငြိမ်းချမ်းရေးဖြစ်စဉ်တွင် မြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင်များ ပြန်လည်ပူးပေါင်းဆောင်ရွက်လာစေရန် ညှိနှိုင်းကြသည်။ မေလတွင် SSPP နှင့် RCSS တို့အကြား အပစ်အခတ်ရပ်စဲရန် အထူးသဖြင့် ဖေဖော်ဝါရီလနှင့် မတ်လတွင် ဖြစ်ပွားခဲ့သည့် တိုက်ပွဲများအဆုံးသတ်ရန် နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးကြသည်။ လိုအပ်နေသည့် ပြုပြင်ပြောင်းလဲရေးများ လုပ်ဆောင်ရန် ကင်းမဲ့နေသည်ဟုဆိုကာ ကရင်အမျိုးသားအစည်းအရုံး (KNU) က မတ်လတွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဦး ဆောင်အဖွဲ့ (PPST) မှ နုတ်ထွက်ကြောင်း ကြေငြာခဲ့သည်။ သို့သော်လည်း ညှိနှိုင်းဆွေးနွေးပြီးနောက် ထိပ်သီးအစည်း အဝေးပြီးဆုံးသည် အထိ KNU မှာ ပူးပေါင်းဆောင်ရွက်ရန် သဘောတူခဲ့သည်။

## လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုနှင့် စုဝေးခွင့်

ယခုအစီရင်ခံသည့်ကာလအတွင်း နိုင်ငံသားများ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နေရာမှာ ကျုံ့သွားသည်။ အစိုးရမှ သတင်းဌာနများ၊ သတင်းထောက်များနှင့် ပြည်သူများအား လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုကို ဥပဒေဖြင့် ဟန့်တားနှောင့်ယှက် ထိန်းချုပ်ထားသည်။

လွတ်လပ်သည့် သတင်းဌာနများ၊ သတင်းအဖွဲ့အစည်းများမှာ အထူးသဖြင့် ရခိုင်ပြည်နယ်ရှိ တိုက်ပွဲများအကြောင်း ဖော်ပြရေးသားနေသူများမှာ အသရေဖျက်မှုနှင့် မတရားသင်း ဥပဒေများဖြင့် ပစ်မှတ်ထား ခြိမ်းခြောက် ခံနေရသည်။ ဧပြီလတွင် ဘီဘီစီ၊ အာအက်ဖ်အေ၊ ဧရာဝတီနှင့် မဇ္ဈိမ အပါအဝင် နိုင်ငံတွင်း လွတ်လပ်သည့်သတင်းဌာနများနှင့် မြန်မာဘာသာဖြင့် ထုတ်လွှင့်သည့် နိုင်ငံတကာ သတင်းဌာနများအား ရခိုင်ပြည်နယ်တိုက်ပွဲ များအကြောင်း ဖော်ပြရေးသား၊ ထုတ်လွှင့်ကြသဖြင့် သတ်ဖြတ်ခံရမည်ဟု အမည်မဖော်ပြသူများမှ အွန်လိုင်းမှ သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း ခြိမ်းခြောက်ကြသည်။[၃၃] တလတည်းတွင်ပင် ဧရာဝတီသတင်းဌာနအား ရခိုင်ပြည်နယ်ရှိ

31. Kachin News Group, 04 April 2019, "Demonstrators in Hpakant Call for Changes to Burma's Constitution."
32. Khonumthung News, 09 April 2019, "Kalay Group Defends Military-Drafted 2008 Constitution."
33. The Irrawaddy, 08 April 2019, "Once Again, Myanmar's Media in the Cross Hairs."

တိုက်ပွဲများအကြောင်း ဖော်ပြသဖြင့် စစ်တပ်မှ ပုဒ်မ ၆၆ (ဃ)၊ အသရေဖျက်မှုဖြင့် တရားစွဲခဲ့သည်။[၃၄] အဆိုပါ အမှုနှင့်ပတ်သက်ပြီး ဧရာဝတီ သတင်းဌာန မြန်မာပိုင်း အယ်ဒီတာ ဦးရဲနိုင်အား တရားစွဲထားသည်။ ရခိုင်ပြည်နယ်ရှိ အကြမ်းဖက်မှုများအား ဖော်ပြရေးသားမှုဖြင့် စစ်တွေ အခြေစိုက် Development Media Group (DMG) သတင်းဌာနမှ အယ်ဒီတာချုပ် ဦးအောင်မန်ဦး အား ပြည်ထဲရေးဝန်ကြီးဌာနမှ မတရား



မင်းထင်ကိုကိုကြီး အား တရားရုံးသို့ ရုံးထုတ်လာစဉ်
ဓါတ်ပုံ (သူရဇော်၊ Frontier)

သင်းဥပဒေ ၁၇ (၂) ဖြင့် တရားစွဲထားသည်။[၃၅]

သတင်းဌာနများအပြင် အသရေဖျက်မှုဥပဒေကို အစိုးရနှင့် တပ်မတော်အပေါ်ဝေဖန်သည့် တက်ကြွလှုပ်ရှားသူများနှင့် တသီး ပုဂ္ဂလများကို ပစ်မှတ်ထား အသုံးပြုနေပြီး NLD အစိုးရလက်ထက်တွင် ပိုမိုများပြားလာသည်။[၃၆] မတ်လတွင် လူ့အခွင့်အရေး၊ လူ့ဂုဏ် သိက္ခာ ရုပ်ရှင်အဖွဲ့အစည်းကို ထူထောင်သူ မင်းထင်ကိုကိုကြီးအား စစ်တပ်အား ဝေဖန်သည့် အကြောင်းအရာကို လူမှုစာမျက်နှာတွင် တင်သည်ဟုဆိုကာ မြန်မာ့တပ်မတော်မှ ပုဒ်မ ၆၆ (ဃ)ဖြင့် တရားစွဲခဲ့သည်။ ၎င်းအား နိုင်ငံတကာရှိ ရုပ်ရှင်အသိုင်းအဝိုင်းမှ ထောက်ခံ၊ အားပေးကြပြီး သူ့ကျန်းမာရေးအတွက်လည်း အကြီးအကျယ် စိုးရိမ်ပူပန်ကြသည်။[၃၇] ဧပြီလတွင် ဒေါင်းတို့မျိုးဆက် သံချပ်အဖွဲ့မှ အဖွဲ့ဝင် ၅ ဦး အား တပ်မတော်အားဝေဖန်သည့် သံချပ်ထိုးပြီး Facebook တွင် တိုက်ရိုက်ထုတ်လွှင့်မှုဖြင့် ပုဒ်မ ၆၆ (ဃ)၊ ပုဒ်မ ၅၀၅ (က) တို့ဖြင့် တပ်မ တော်က တရားစွဲခဲ့သည်။[၃၈]

34. The Irrawaddy, 22 April 2019, "Military Sues the Irrawaddy for 'Unfair' Coverage of Rakhine Conflict."
35. The Irrawaddy, 06 May 2019, "Special Branch Sues Editor of Sittwe-Based Publication DMG."
36. For more information see, https://www.saynoto66d.info/.
37. Myanmar Now, 2 April 2019, "Founder of Human Dignity Film Institute Hit with Military Defamation Lawsuit"; Myanmar Now, 26 April 2019, "'We Fear for His Life'— Sick Filmmaker Denied Bail Despite Fainting in Courtroom."
38. Frontier Myanmar, 11 May 2019, "Young Satirists Behind Bars."

ယခုအစီရင်ခံသည့်ကာလတွင်ငြိမ်းချမ်းစွာစုဝေးခဲ့သူများအားလည်းရဲတပ်ဖွဲ့မှအကြမ်းဖက်ဖြိုခွဲခဲ့သည်။ ဖေဖော်ဝါရီလတွင်ကရင်နီပြည်နယ် (ကယားပြည်နယ်)၊ လွိုင်ကော်မြို့တွင်ဗိုလ်ချုပ်အောင်ဆန်းရုပ်ထုစိုက်ထူရန်ကြိုးပမ်းမှုကိုကန့်ကွက်ဆန့်ကျင်သည့်ကရင်နီလူငယ်များ၏ ဆက်တိုက်ဆန္ဒပြပွဲများအပြီး အတားအဆီးများကို ဖြိုဖျက်ဖယ်ရှားခဲ့သည့် ဆန္ဒပြသူများအား ရဲတပ်ဖွဲ့မှ ရာဘာကျည်များ၊ မျက်ရည်ယိုဗုံးများဖြင့် ပစ်ခတ်ခဲ့သည်။ ဆန္ဒပြသူ ၂၀ ဦး ဒဏ်ရာ ရရှိပြီး ၅၄ ဦးအား ငြိမ်းချမ်းစွာစုရုံးခွင့်နှင့် စီတန်းလှည့်လည်ခြင်းဥပဒေဖြင့် ဖမ်းဆီးတရားစွဲခဲ့သည်။[၃၉] မေလတွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်တွင် ကျောက်မီးသွေးစွမ်းအင်သုံး ဓာတ်မြေသြဇာစက်ရုံ ဆောက်လုပ်မှုကို ဆန့်ကျင်သည့် ဒေသခံများအား ရဲတပ်ဖွဲ့မှ ရော်ဘာကျည်များဖြင့် ပစ်ခတ်သဖြင့် ၁၇ ဦး ဒဏ်ရာရသွားသည်။[၄၀] အဆိုပါသတင်းကို တိုက်ရိုက်ထုတ်လွှင့်ခဲ့သည့် Channel Mandalay TV news မှ သတင်းထောက်နှင့် ရှာသားများကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။[၄၁]

## တရားမျှတမှု

မတ်လတွင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ ပုံမှန်အစည်းအဝေး (၄၀) ကြိမ်မှ မြန်မာနိုင်ငံနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်ချခဲ့သည်။[၄၂] ကောင်စီမှ ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ အမျိုးသမီးနှင့် ကလေးများအပေါ် ကျား-မအခြေပြုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု များနှင့် တိုက်ပွဲဖြစ်ပွားရာဒေသရှိ ကျူးလွန်ချိုးဖောက် များနှင့် ထွက်ပြေးတိမ်း ရှောင်ရမှုများအပေါ် အထူးအလေးအနက်ထား စိုးရိမ်ကြောင်း ဖော်ပြခဲ့သည်။ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေး အထူးကိုယ်စားလှယ်၏ သက်တမ်းကို နောက်တနှစ် ထပ်တိုးခဲ့ပြီး မြန်မာ အစိုးရကိုလည်း အချိန်ဆိုင်းခြင်းမရှိပဲ ပူးပေါင်းဆောင်ရွက်မှုများ ပြန်လုပ်ရန် တောင်းဆိုခဲ့သည်။

ဆုံးဖြတ်ချက်တွင် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သည့် ယန္တရားကိုလည်း မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်မှ စတင် ဖြစ်ပွားခဲ့သည့် ဆိုးရွားပြင်းထန်သည့် အမှုများနှင့် နိုင်ငံတကာဥပဒေကို ချိုးဖောက်မှုများအတွက် သက်သေအထောက်အထားများ စုဆောင်း၊ ထိန်းသိမ်းခြင်းတို့ကို အလျင်အမြန်ဆောင်ရွက်ရန်လည်း တောင်းဆိုထားသည်။ ပြစ်မှုကျူးလွန်သူများအား ၎င်းတို့ကျူး လွန်ခဲ့မှုများအတွက် တာဝန်ယူ၊ တာဝန်ခံမှုရှိစေရန်အတွက် နိုင်ငံတွင်း၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံတကာ တရားရုံး သို့မဟုတ် ခုံရုံးများတွင် နိုင်ငံတကာဥပဒေနှင့်အညီ အနာဂတ် တွင် တရားစီရင်နိုင်စေရန် အတွက်ဖြစ်သည်။ ဧပြီလတွင် Nicholas Koumjian အား မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်စွာ စုံစမ်းဖော်ထုတ်မည့် ယန္တယား (IIMM) ၏ အကြီးအကဲအဖြစ် ခန့်အပ်ခဲ့သည်။[၄၃] ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီမှ ဖွဲ့စည်းပေးခဲ့သည့် ယန္တယားသည် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာနှင့် တခြားလူနည်းစုများအပေါ် ကျူးလွန်ချိုးဖောက်သည့် နိုင်ငံတကာရာဇဝတ်မှုအတွက် သက်သေခံ အချက်အလက်များ စုဆောင်းနှင့် ပိုင်းခြားစိတ်ဖြာသုံးသပ်ရန် လုပ်ပိုင်ခွင့်ရှိသည်။

39. Mon News Agency, 19 February 2019, "Long Identity Dispute in Kayah (Karenni State)"; Reuters, 08 February 2019, "Myanmar Activists Charged After Protesting Independence Hero Statue."
40. The Irrawaddy, 15 May 2019, "17 Injured as Police Break Up Protest Against Cement Factory Project in Mandalay."
41. The Myanmar Times, 18 June 2019, "Five Charges Brought Against Reporter."
42. UN General Assembly, Human Rights Council, Fortieth Session, 25 February to 22 March 2019, A/HRC/40/L.19, "Human Rights Situations that Require the Council's Attention."
43. United Nations, 01 April 2019, SG/A/1869-BIO/5196-HR/5430, "Secretary-General Appoints Nicholas Koumjian of United States Head of Independent Investigative Mechanism for Myanmar."



မြန်မာနိုင်ငံဆိုင်ရာ၊ သီးသန့်လွတ်လပ်သော၊ နိုင်ငံတကာ အချက်အလက်ရှာဖွေရေးမစ်ရှင်
ဓါတ်ပုံ (OHCHR)

ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ယုံကြည်စိတ်ချလောက်စရာ ဖြစ်ထွန်းတိုးတက်မှုနှင့် လူ့အခွင့်အရေးအခြေအနေကို အားပေးထောက်ခံမှု နည်းပါးသည့်အတွက် မြန်မာ့တပ်မတော်အား ဘဏ္ဍာရေးနှင့် တခြားအထောက်အကူများ ရပ်ဆိုင်းရန် ကုလသမဂ္ဂဆိုင်ရာ လွတ်လပ်သည့် နိုင်ငံတကာ အချက်အလက်စုဆောင်းရေးအဖွဲ့ (FFM) မှ မေလတွင် နိုင်ငံတကာအသိုင်းအဝိုင်းကို တိုက်တွန်းခဲ့သည်။ FFM အဖွဲ့ဝင်များသည် ဒေသတွင်းမှ ကျွမ်းကျင်သူများ၊ ဒုက္ခသည်များနှင့် တိုင်းရင်းသားလူမျိုးစု အသိုင်းအဝိုင်းမျိုးစုံမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံခဲ့ပြီး ၁၀ ရက် အကြာတွင် ထုတ်ပြန်ကြေငြာခဲ့ခြင်းဖြစ်သည်။ မြန်မာ့တပ်မတော်နှင့် လက်နက်ကိုင်အဖွဲ့များ၏ လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် စုံစမ်းထားသည့် နောက်ဆုံးအစီရင်ခံစာကို FFM မှ ၂၀၁၉ ခုနှစ် စက်တင်ဘာလ တွင် ကျင်းပမည့် လူ့အခွင့်အရေးကောင်စီအစည်းအဝေးသို့ တင်သွင်းရမည်ဖြစ်သည်။

မတ်လတွင် ၂၀၁၇ ခုနှစ်နှောင်းပိုင်းတွင် လူပေါင်း ၇ သိန်းကျော် ထွက်ပြေးခဲ့ရသည့် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများအပေါ် နှိမ်နင်းခဲ့မှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးရန် စစ်ခုံရုံးကို ဖွဲ့စည်းလိုက်ကြောင်း ကြေငြာခဲ့သည်။[၄၄] အဆိုပါ ခုံရုံးတွင် ဗိုလ်ချုပ်တဦးနှင့် ဗိုလ်မှူးကြီး ၂ ဦးတို့ပါဝင်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်မည်ဖြစ်သည်။ မေလ တွင်ပင် ၂၀၁၇ ခုနှစ်က ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာ ၁၀ ဦးအား သတ်ဖြတ်ခဲ့မှုဖြင့် ထောင်ဒဏ်ကျခံနေရသည့် စစ်သား ၇ ဦးကို စစ်တပ်မှ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ အစောပိုင်းကပင် လွှတ်ပေးခဲ့သည်ဟု သိရသည်။ ၂၀၁၈ ခုနှစ် ဧပြီလတွင် အဆိုပါ စစ်သားများအား ရိုဟင်ဂျာ ၁၀ ဦးကို သတ်ဖြတ်ခဲ့မှုဖြင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့သည်။ အသတ်ခံရသူများ၏ အလောင်းများကို အစုအပြုံအလိုက် မြှုပ်နှံထားသည်ကို နောက်ပိုင်းတွင် တွေ့ရှိရပြီး ရိုက်တာသတင်းထောက်နှစ်ဦးမှ ထုတ်ဖော်စုံစမ်းခဲ့သည့်အတွက် ထောင်ဒဏ် ၇ နှစ် ချမှတ်ခြင်းခံရသည်။ အမှုအားလုံးမှာ စစ်တပ်၏ လျှို့ဝှက်ခုံရုံးများတွင် ကြားနာခဲ့ခြင်းဖြစ်သည်။ စစ်

44. Reuters, 18 March 2019, “Myanmar Military Court to Probe Rohingya Atrocity Allegations.”

သားများမှာ ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခံရသော်လည်း တနှစ်မပြည့်မီမှာပင် လွတ်ငြိမ်းချမ်းသာခွင့်ရသွားပြီး တက်ကြွလှုပ်ရှားသူများနှင့် လေ့လာသူများမှ ပြင်းပြင်းထန်ထန် ဝေဘန်ခဲ့သည်။

ယခုအစီရင်ခံသည့် ကာလအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုအချို့ကို မြန်မာ့လူ့အခွင့်အရေးကော်မရှင် (MNHRC) မှ စုံစမ်းစစ်ဆေးခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်ရှိ ရဲစခန်းတွင် ချုပ်နှောင်ခံထားရာမှ သေဆုံးသွားသည့် ဦးကျော်အေး ကိစ္စကို MNHRC က စုံစမ်းစစ်ဆေးခဲ့သည်ဟု ဧပြီလတွင် ကြေငြာခဲ့သည်။

အဆိုပါအမှုအား MNHRCသို့ပေးပို့တိုင်ကြားခဲ့သူဦးကျော်အေးအမဖြစ်သူအပြောအရဦးကျော်အေးမှာကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စကားများပြီးနောက် ဖမ်းဆီးခံရကြောင်း၊ ၆ ရက်အကြာတွင် သူ၏ ရုပ်အလောင်းကို ပြန်ရကြောင်း၊ ခန္ဓာကိုယ်တွင် ညှဉ်းပန်းနှိပ်စက် ရိုက်နှက်ထားသည့် ဒဏ်ရာများတွေ့ကြောင်း သိရသည်။[၄၅] ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်တွင် စစ်တပ်ကဖမ်းဆီးထားစဉ် သေဆုံးသွားသည့် ရွာသား ၇ ဦးကိစ္စကို MNHRC က မေလတွင် စစ်ဆေးခဲ့သည်။ AA နှင့် ဆက်စပ်မှုရှိသည်ဟုဆိုကာ ဖမ်းဆီး၊ စစ်ဆေးခံရသည့် ကျောက်တန်းရွာမှ ရွာသား ၂၇၅ ဦးထဲတွင် အဆိုပါ ရွာသား ၇ ဦးလည်း အပါအဝင်ဖြစ်သည်။ MNHRC ၏ တွေ့ရှိချက်မှာ စစ်တပ်၏ ပြောဆို ချက်အတိုင်း ထောက်ခံပြောဆိုထားသည့်အတွက် ဒေသခံရွာသားများမှာ မကျေမနပ်ဖြစ်ကြ ရသည်။[၄၆]

ယခုအစီရင်ခံသည့်ကာလအတွင်း နိုင်ငံရေးအကျဉ်းသားများ သိသိသာသာ များပြားလာသည်ကိုတွေ့ရသည်။ ND-Burma ၏ အဖွဲ့ဝင်ဖြစ်သည့် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ စာရင်းများအရ နိုင်ငံရေးအကျဉ်းသား အရေအတွက်မှာ မတ်လနှင့် ဧပြီလမှလွဲ၍ လစဉ် ခုန်တက်သွားသည်။ ဇန်နဝါရီလမှ ဇွန်လအတွင်း နိုင်ငံရေးအကျဉ်းသား ၃၅ ရာခိုင်နှုန်း များပြားလာရာ ၃၄၅ ဦးရှိရာမှ ၄၆၆ ဦးအထိဖြစ်လာ သည်။ ဇွန်လအကုန်တွင် ထောင်ကျခံနေရသူ ၃၄ ဦး၊ ထောင်တွင်း တရားရင် ဆိုင်နေရသူ ၁၆၁ ဦးနှင့် အာမခံဖြင့် လွတ်မြောက်နေသူ ၂၃၆ ဦးအပါအဝင် နိုင်ငံရေးအကျဉ်းသား ၄၆၆ ဦး ရှိနေသည်။ ဧပြီလတွင် သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် အကျဉ်းသား ၁၆,၄၈၃ ဦး လွတ်မြောက်လာရာ နိုင်ငံရေးအကျဉ်းသား ၅ ဦးသာ ပထမ နှစ်သုတ် လွတ်ငြိမ်းချမ်းသာခွင့်တွင် ပါဝင်သည်ကိုတွေ့ရသည်။[၄၇] နောက်ဆုံးအသုတ်လွှတ်ပေးမှုကို မေလ အစောပိုင်းတွင် ကြေငြာခဲ့ပြီး ရိုက်တာ သတင်းထောက် နှစ်ဦးဖြစ်သည့် ကိုဝလုံး၊ ကိုကျော်စိုးဦး တို့ အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ၂၇ ဦး လွတ်မြောက်ခဲ့သည်။[၄၈]

နိုင်ငံရေးအကျဉ်းသားဟောင်းများမှာ အကျဉ်းထောင်မှ လွတ်မြောက်လာသော်လည်း ပြန်လည်ကုစားပေးလျော်မှုများ မရရှိပဲ၊ အစိုးရအနေဖြင့်လည်း "နိုင်ငံရေးအကျဉ်းသား" ဆိုသည့် ဝေါဟာရကို တရားဝင်ဖွင့်ဆိုထားခြင်း မရှိသည့်အတွက် နိုင်ငံရေးအကျဉ်းသားများအား တရားဝင် အသိအမှတ်ပြုမှု မရှိခြင်းပင်ဖြစ်သည်။

45. The Irrawaddy, 9 April 2019, National Rights Commission to Probe Irawaddy Man's Death in Custody."
46. AAYSC, Human Rights Bulletin, 02 May 2019; Radio Free Asia, 13 June 2019, "Myanmar Human Rights Commission Backs Army's Story of Kyauktan Shootings."
47. AAPP, April Chronology 2019.
48. The Irrawaddy, 07 May 2019, "Latest Presidential Amnesty Includes Dozens of EAO Members, Accused Associates."

# ဖြစ်ရပ်မှန်များ

## ဖြစ်ရပ်မှန် ၁။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ရှမ်းပြည်နယ်၊ နမ့်တူမြို့နယ်တွင် **SSPP/SSA-N** နှင့် **RCSS/SSA-S** တို့ တိုက်ပွဲဖြစ်ပွားသဖြင့် ရွာသား ၇၃၀ ကျော် ထွက်ပြေးနေရ။ (**TWO**)

ဖေဖော်ဝါရီလ ၁၉ ရက် ၂၀၁၉ ခုနှစ်တွင် SSPP/SSA-N နှင့် RCSS/SSA-S တို့ အချင်းချင်းကြား တိုက်ပွဲဖြစ်ပွားမှုကြောင့် နမ့်လန်မြို့နယ်ရှိ လွယ်ငင်းကျေးရွာ၊ ပါကမ်ကျေးရွာနှင့် မန်မိုင်ကျေးရွာတို့မှ ရွာသူရွာသားများသည် မန်လီဘုန်းကြီးကျောင်းသို့ ထွက်ပြေး တိမ်းရှောင်နေရသည်။

ထွက်ပြေးတိမ်းရှောင်လာသည့် စစ်ရှောင် အိမ်ထောင်စု ၁၃၂ စုရှိ လူဦးရေ ၇၂၁ ဦးတို့သည် နေရပ်သို့ပြန်ချင် သော်လည်း ၎င်းတို့ကျေးရွာ ပတ်ဝန်းကျင်တွင် လက်နက်ကိုင် နှစ်ဖွဲ့စလုံး လှုပ်ရှားနေသောကြောင့် ရွာပြန်ရမည့်အချိန်ကို မသေချာ မရေရာဖြစ်နေသည်။

မန်လီအုပ်ချုပ်ရေးမှူးမှ

*"ပြီးခဲ့တဲ့ရက်က အလှူရှင်တွေ အစားအသောက်တွေ လာပေးတယ်၊ ပြီးတော့ ဒီမနက် မှာ တခြားအလှူရှင်တွေက အိပ်ယာခင်း၊ စောင်တွေ လာလှူကြတယ်၊ အခုလောလောဆယ် လိုအပ်နေတာက တစ်ကိုယ်ရေ သန့်ရှင်းရေး အသုံးအဆောင်ပစ္စည်း၊ အိုး ခွက် ပန်းကန်တွေ လိုအပ်နေတယ်"*

ဟုပြောသည်။

## ဖြစ်ရပ် ၂။ ၂၀၁၉ ခုနှစ် ဧပြီလ ၂၂ ရက်နေ့က ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့နယ်တွင် တပ်မ ၈၈ မှ ရွာသား ၉ ဦးအား ဖမ်းဆီးရိုက်နှက်ခဲ့သည်။ (**TWO**)

၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် တပ်မ (၈၈) လက်အောက်ခံ ခလရ (၁၀) နှင့် TNLA အကြား တိုက်ပွဲဖြစ်ပွားပြီးနောက် တပ်မတော်က နမ့်ခမ်းမြို့နယ်ရှိ နမ့်ဆရီးရွာသား ၉ ဦးအား ဖမ်းဆီးရိုက်နှက်ခဲ့သည်။

ရွာသားတဦးက ပြောသည်မှာ

*"တိုက်ပွဲမှာ တပ်မတော်ဘက်က စစ်သား ၃ ဦးသေသွားတယ်။ ဒါကြောင့် သူတို့ဒေါသထွက်ပြီး ရွာသားတွေကို ဖမ်းဆီးပြီး ရွာထဲမှာနေသွားတဲ့ TNLA စစ်သားတွေအကြောင်း ပြောခိုင်းတယ်။ စစ်သားတွေက ရွာသားတွေကို ထိုးကြိတ်၊ ကန်ကျောက်ပြီး ခြိမ်းခြောက်ခဲ့တယ်"*။

မြန်မာ့တပ်မတော်နှင့် TNLA တို့ တိုက်ပွဲဖြစ်ပွားနေစဉ် မြန်မာ့တပ်မတော်မှ ရွာထဲတွင် တပ်စွဲထားပြီး TNLA မှာ အနီးဝန်း

ကျင်ရှိ တောထဲတွင် တပ်ချထားသည်။ တိုက်ပွဲဖြစ်ပွားစဉ် နေအိမ် ၂ လုံးတိုက်ပွဲကြောင့်ထိခိုက်ပျက်ဆီးသွားပြီး အစိုးရစစ်တပ်မှာ ရွာထဲတွင် တပ်စွဲလျှက်ရှိသည်။

## ဖြစ်ရပ်မှန် ၃။ မေလ၊ ၁၀ရက်နေ့၊ ၂၀၁၉ခုနှစ် က အသက် ၂၇ နှစ်ရှိ အမျိုးသမီးတစ်ဦးကို မြန်မာ့တပ်မတော် တပ်မ ၁၀၁ လက်အောက်ခံ တပ်ရင်း ခမရ ၂၅၈၊ ၂၅၅ နှင့် ၂၅၂ မှ အရပ်ဝတ် စစ်သားများမှ အဓမ္မပြုကျင့်ခဲ့သည် (**TWO**)

မေလ ၁၀ ရက် ၂၀၁၉ ခုနှစ် တအာင်း(ပလောင်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် ဟူးခင်ကျေးရွာတွင် နေထိုင်သော အသက် ၂၇ နှစ်ရှိ အမျိုးသမီး တစ်ဦးသည် လဖက်ခူးရန်သွား နေစဉ်  မြန်မာ့တပ်မတော် တပ်မ ၁၀၁ လက်အောက်ခံ တပ်ရင်း ခမရ ၂၅၈၊ ၂၅၅ နှင့် ၂၅၂ မှ ပစ္စတိုသေနတ် ကိုင်ဆောင်ထားသော အရပ်ဝတ် စစ်သားများမှ နေ့လည် ၂ နာရီခန့်တွင် မုဒိန်းပြုကျင့်ခဲ့သည်။

သို့သော်လည်း ခမရ ၂၅၈ မှ စစ်သားများကိုသာ စုံစမ်းစစ်ဆေးရန် တပ်မ ၁၀၁ မှ ဆင့်ခေါ်ခဲ့သည်။ အဆိုပါ အမှုဖြစ်စဉ်ပုံစံသည် လူ့အခွင့်အရေးချိုးဖောက်မှုတွင် ပါဝင်သည့် တခြားတပ်ရင်းများအပေါ် မျက်စိစုံမှိတ်ထားသည့်အတွက် မည်သည့်တပ်ရင်းက မည်သည့်ချိုးဖောက်မှုများ ကျူးလွန်သည်ဆိုသည်ကို ဆုံးဖြတ်ရန်ခက်ခဲစေသည်။ သို့သော်လည်း ယခုဖြစ်ရပ်တွင် ခမရ ၂၅၈၊ ၂၅၅ နှင့် ၂၅၂ တို့တွင် တာဝန်ရှိသည်။

ထိုအမျိုးသမီး မုဒိန်းပြုကျင့်ခံရပြီးနောက် ရွာသို့ထွက်ပြေးလာပြီး ရွာလူကြီးများအား ဖြစ်စဉ်ကိုပြောပြခဲ့သည်။ ရွာလူကြီးများက အမှုကို တာဝန်ယူဖြေရှင်းပေးရန် ရွာအနီးတွင် တပ်စွဲထားသည့် မြန်မာ့တပ်မတော်မှ တာဝန်ရှိသူများကို အကြောင်းကြားရာတွင် တပ်သားများကို အရင်စစ်ဆေးမည်ဟုသာ ပြောခဲ့ပြီး အဆိုပါဖြစ်ရပ်နှင့် ပတ်သက်ပြီး ၎င်းတို့တွင် တာဝန်မရှိဟု ပြောဆိုခဲ့သည်။

အမှုနှင့်ပတ်သက်ပြီး နမ့်ဆန် ရဲစခန်းသို့ ၂၀၁၉ ခုနှစ် မေလ ၁၄ ရက်နေ့တွင် တိုင်ကြားခဲ့ပြီး ရဲတပ်ဖွဲ့က အမှုကို စုံစမ်းနေဆဲဖြစ်သည်။

## ဖြစ်ရပ်မှန်၄။ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်တွင် ရွာသားတဦး မြေမြှုပ်မိုင်းကြောင့် ဒဏ်ရာ ရသွားခြင်း (**KWAT**)

၂၀၁၉  ခုနှစ် မတ်လ ၃ ရက်နေ့တွင် စစ်ရှောင်စခန်းအနီးရှိ တောထဲတွင် ကြိမ်သွားဆွဲရင်း မိုင်းနင်းမိသဖြင့် ရွာသားတဦး ဒဏ်ရာအပြင်းအထန်ရသွားသည်။

*"ညနေ ၃ နာရီလောက်မှာ၊ တောထဲမှာ ကြိမ်သွားဆွဲပြီး အပြန်မှာ ဂျန်ခချောင်းနားက ဝါးရုံအောက်မှာ မိုင်းနင်းမိတယ်။ ကျမသူငယ်ချင်းတွေက ကျမကို အိမ်ပြန်သယ်သွားတယ်"*။ ဟု မိုင်းနင်းမိသူ ကာကယံရှင်က ပြောသည်။ သူမ၏ ယောက်ျားဖြစ်သူက *"ကျနော့်မိန်းမကို ဆေးရုံကိုခေါ်သွားတော့ လမ်းက ညောင်တောမှာရှိတဲ့ စစ်သားတွေက ကျနော့်မိန်းမကို မေးခွန်းတွေမေးပြီး ဓာတ်ပုံရိုက်ထားတယ်။ နမ်တီးဆေးရုံကိုသွားပေမယ့် ဆရာဝန်မရှိလို့ မြစ်ကြီးနားဆေးရုံကို အရေးပေါ်ကားနဲ့ ပို့ခဲ့ရတယ်"*

ဟုပြောသည်။ ကာယကံရှင်ဖြစ်သူမှ *"နောက်တနေ့မှာ ကျမရဲ့ ဘယ်ဘက်ခြေထောက်ဖြတ်လိုက်ရတယ်။ နောက်တော့ ဆရာဝန်က အိမ်ပြန်ခွင့်ပြုခဲ့တယ်။ အခုတော့ တောထဲကြိမ်သွားဆွဲရမှာလည်း ကြောက်သွားပြီ၊ ဘာမှလည်း မလုပ်ချင်တော့ဘူး"* ဟုပြောသည်။

## ဖြစ်ရပ်၅။ ရှမ်းပြည်နယ်၊ နမ္မတူမြို့နယ်၊ မန်လီကျေးရွာတွင် မိုင်းပေါက်ကွဲသဖြင့် ရွာသား ၃ ဦးသေဆုံးပြီး ၄ ဦး ဒဏ်ရာရသွားသည်။ ၂၀၁၉ ခုနှစ်၊ မတ်လ ၃၀ (TWO)

၂၀၁၉ ခုနှစ် မတ်လ ၃၀ ရက်နေ့၊ နံနက် ၅ နာရီခွဲ အချိန်တွင် နမ္မတူမြို့နယ် မန်လီကျေးရွာအနီးရှိ တောင်ယာရှင်းရန်သွားသည့် ရွာသား ၇ ဦးမှာ တောင်ယာတဲအနီးတွင် မိုင်းပေါက်ကွဲမှုဖြစ်ပွားပြီး ၃ ဦးသေဆုံးပြီး ၄ ဦး ဒဏ်ရာရရှိသွားသည်။

မန်လီရွာသားတဦးက ပြောသည်မှာ

*"သူတို့က မီးရှို့ထားတဲ့ တောင်ယာကို သွားရှင်းမလို့၊ တဲနားလေးမှာ မိုင်းနင်းမိကြတာ၊ အစကတည်းက ကျနော်ပြောတာ အခုတလော ဘယ်သူမှ တောထဲမသွားဖို့ မှာထားတာ၊ ဒါပေမဲ့ စစ်ရှောင်နေရတာလည်းကြာပြီ မလုပ်ရင် နောက်နှစ်အတွက် ဘာမှစားစရာမရှိတော့ဘူးဆိုပြီး သွားကြတာ"* ဟုပြောသည်။

ဒဏ်ရာရရှိသူ ၄ ဦး အနက် ၂ ဦးမှ ဒဏ်ရာပြင်းထန်စွာ ရရှိပြီး။ အားလုံး ဆေးကုသမှု ခံယူနိုင်ရန် သီပေါဆေးရုံသို့ ပို့ဆောင်ထား သည်။

သေဆုံးသူများမှာ ကိုအိုက်ဟိန်း (၁၄) နှစ်၊ လွေးအေးဆောင် (၁၄) နှစ် နှင့် မိုင်းအိုက်လောဝ် (၁၅) နှစ် တို့ဖြစ်ပြီး ထိခိုက်ဒဏ်ရာရသူများမှာ လွေးမိုးနွမ်း (၁၈) နှစ်၊ ဒေါ်အဲဆင် (၄၂) နှစ်၊ ဒေါ်မာအောင် (၄၅) နှစ် နှင့် လွေးအေးကော (၁၅) နှစ်တို့ ဖြစ်သည်။ ၎င်းတို့ ၄ ဦးသည် ညာခြေသလုံး၊ ဘယ်ဘက် ဒူး ခေါင်းတို့တွင် ဒဏ်ရာ အသီးသီး ရရှိခဲ့သည်။

## ဖြစ်ရပ်မှန် ၆။ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ မင်းဖြူကျေးရွာသို့ မြန်မာ့တပ်မတော်မှ စိတ်ထင်တိုင်း ပစ်ခတ်သဖြင့် ရွာ သား ၁ ဦးသေဆုံးပြီး ၁ ဦး ဒဏ်ရာရသွားသည်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ (AASYC)



၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင်၊ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ မင်းဖြူကျေးရွာသို့ မြန်မာ့တပ်မတော်မှ စိတ်ထင်တိုင်း ပစ်ခတ်သဖြင့် မရီရီစိုး (၁၉ )နှစ်၏ ဦးခေါင်းသို့ သေနတ်ကျည်ထိမှန် သေဆုံးသွားသည်။ မပေရယ်စိုး (၄)နှစ်မှာ သေနတ်ကျည်ထိမှန်ပြီး ဦးခေါင်းတွင် ဒဏ်ရာရသွားသည်။

*ဖေဖော်ဝါရီလ ၂၀ ရက်က မြန်မာစစ်တပ် ပစ်ခတ်မှုကြောင့် သေဆုံးသွားသူ မရီရီစိုး အသက် ၁၉ နှစ် မင်းဖူရွာ ရသေ့တောင်မြို့နယ်၊ ကရခိုင်ပြည်နယ်။ (ASSYC)*

## ဖြစ်ရပ်မှန် ၇။ ၂၀၁၉ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် မြန်မာ့တပ်မတော်မှ ဘူးသီးတောင်မြို့နယ်၊ စေတောင်ကျေးရွာသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်သဖြင့် မိသားစုဝင် ၄ ဦးနှင့် အခြားမိသားစုမှ သက်ကြီးရွယ်အို အမျိုးသမီးတဦးသေဆုံးသွားသည်။ (AASYC)



၂၀၁၉၊ မတ်လ ၂၀ ရက်က မြန်မာစစ်တပ် ပစ်ခတ်မှုကြောင့် သေဆုံးသွား သော မိသားစုဝင် လေးဦး စေတောင်ကျေးရွာ၊ ဘူးသီးတောင်မြို့နယ်၊ ကရခိုင်ပြည်နယ်။ (ASSYC)

၂၀၁၉ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် မြန်မာ့တပ်မတော်မှ ဘူးသီးတောင်မြို့နယ်၊ စေတောင်ကျေးရွာသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်သဖြင့် မိသားစုဝင် ၄ ဦးနှင့် အခြားမိသားစုမှ သက်ကြီးရွယ်အို အမျိုးသမီး တဦး သေဆုံးသွားသည်။ သေဆုံးသွားသူများမှာ ဦးမောင်အေးထွန်း (၅၀)နှစ်နှင့် ဇနီးဖြစ်သူ ဒေါ်သန်းညွန့် (၄၉) နှစ်၊ ကိုမြတ်ခြေသိန်း (၂၁)နှစ်၊ မောင်အောင်သန်းဌေး (၁၆)နှစ်နှင့် အနီးရှိ တခြားအမျိုးသမီး တဦးတို့ ဖြစ်သည်။

## ဖြစ်ရပ် (၈)။ ၂၀၁၉ ခုနှစ် ဧပြီလ ၁၂ ရက်က၊ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်တွင် မြန်မာ့တပ်မတော်မှ အရပ် သားများနေထိုင်ရာသို့ လက်နက်ကြီးဖြင့် ပတ်ခတ်သဖြင့် အသက် ၇၈ နှစ်အရွယ် အဖွားအိုတဦး သေဆုံးသွားသည်။

၂၀၁၉ ခုနှစ် ဧပြီလ ၁၂ ရက်က၊ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်။ ဝါးကြီးတောင်ရွာသို့ မြန်မာ့တပ်မတော်မှ လက်နက်ကြီးဖြင့် ပတ်ခတ်သဖြင့် အသက် ၇၈ နှစ်အရွယ် အဖွားအိုတဦး သေဆုံးသွားပြီး သူ၏ သမီးဖြစ်သူ အသက် ၄၀ အရွယ်ရှိ ဒေါ်ပမိုင် ဒဏ်ရာရသွားသည်။ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်လက်အောက်ခံ အမြောက် တပ်မှ ညနေ ၇ နာရီမှ ၉ နာရီအတွင်း မော်တာ ၃ လုံး ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

ရွာသားတဦးက ပြောသည်မှာ

*"အခင်းဖြစ်တဲ့နေရာက ရွာကနေ ၃ မိုင်လောက်ဝေးတဲ့ လယ်တောမှာ ဖြစ်တာပါ။ မိသားစု ၂ စုက လူ ၆ ဦး အဲဒီမှာ နေကြတာကြာပြီ။ ပထမ ကျည်နှစ်လုံးက အိမ်ကိုကျော်ပြီး ပေါက်ကွဲတယ်။ မိသားစုတွေက ထွက်ပြေးဖို့ပြင်နေတုန်း အိမ်နှစ်လုံးနားမှာ လာကွဲပြီး အဖွားအိုက ပွဲချင်းပြီးသေဆုံးသွားတယ်"*

အခင်းဖြစ်ပွားပြီးနောက် တပ်မတော်ဘက်မှ ပြောသည်မှာ AA တပ်သား ၂၀ ခန့်ကို အဆိုပါ အိမ်အနီးတဝိုက် တွင်တွေ့သဖြင့် အရပ်သားများနေထိုင်နေသည့် အိမ်များရှိရာသို့ မော်တာဖြင့်ပစ်ရန် အမိန့်ပေးခဲ့ခြင်းဖြစ်သည်ဟု ပြောသည်။ တပ်မတော်မှ ဒေါ်ပန်မိုင် မိသားစုအား လျော်ကြေးအဖြစ် ၁ သိန်းကျပ် (ခန့်မှန်းခြေ ၆၅ အမေရိကန် ဒေါ်လာ) နှင့် အမ်းမြို့နယ် အုပ်ချုပ်ရေးမှူးမှ

ကျပ် ၅ သောင်း (ခန့်မှန်းခြေ ၃၂ ဒေါ်လာ) ကို ဒေါ်ပမိုင် အား အမ်းဆေးရုံကြီးတွင် ပေးအပ်ခဲ့သည်။ အခင်းဖြစ်ပြီးနောက် ဒေသခံများမှာ လယ်တောတွင် အလုပ်လုပ်ရန် ကြောက်ရွံ့နေကြပြီး တချို့မှာ လုံခြုံရာ အမ်းမြို့သို့ ပြောင်းရွှေ့သွားကြသည်။

ဖြစ်ရပ်(၉)။ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ကျောက်တော်မြို့တွင် အသက် ၁၇ နှစ်အရွယ်ရှိလူငယ်တဦးအား ခမရ ၅၃၉ မှ ညှဉ်းပန်းနှိပ်စက်ခဲ့သည်။ **(AASYC)**



*၂၀၁၉ ခုနှစ် ဧပြီလ ၁ ရက်နေ့က မြန်မာစစ်တပ်၏ပစ်ခတ်မှုကြောင့် အသက် ၁၅ နှစ်အရွယ် မောင်မန်းထူး ဒဏ်ရာရရှိခဲ့ပုံ၊ ချောင်းဆုံကျေးရွာ၊ ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ်။ (ASSYC)*

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင်၊ ကျောက်တော်မြို့ရှိ ၁၇ အရွယ် မောင်ဇော်နိုင်နိုင်ဌေးအား မြန်မာ့တပ်မတော်မှ ဖမ်းဆီးခဲ့သည်။ သူသည် ကျောက်တော်မြို့စွန်တွင် မော်တော်ဆိုင်ကယ်အား ဆီဖြည့်ပြီး ပြန်လာစဉ် ခမရ (၃၇၅) ရှေ့အရောက်တွင် ခမရ (၅၃၉ ) မှ ညနေ ၄-၅ နာရီခန့်တွင် ဖမ်းဆီးခံရခြင်းဖြစ်သည်။ သူ့အား ခမရ ၅၃၉ သို့ခေါ်သွားပြီး ဝိုင်းဝန်းရိုက်နှက်ကြသည်။ သူ့အားညတွင်းချင်းပင် ပြန်လွှတ်ပေးခဲ့သော်လည်း သူပြန်လွတ်လာချိန်မှစပြီး စကားကောင်းကောင်း မပြောနိုင်သလို စိတ်ပိုင်းဆိုင်ရာအရ ကြောက်ရွံ့နေသည့် အတွက် ချက်ခြင်းဆိုသလိုပင် ရန်ကုန်သို့ ဆေးကုသရန် ပို့ဆောင်လိုက်ရသည်။

ဖြစ်ရပ် (၁၀)။ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ကျောက်တန်းကျေးရွာတွင် ရွာသား ၇ ဦးသေဆုံးပြီး ၆ ဦး ဒဏ်ရာရသွားသည်။ ၂၀၁၉ ခုနှစ် မေလ ၂ ရက်။ **(AASYC)**

မေလ ၂ ရက်တွင်၊ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ကျောက်တန်းကျေးရွာတွင် မြန်မာ့တပ်မတော်မှ ပစ်ခတ်သဖြင့် ရွာသား၆ဦးသေဆုံးပြီး၊ ၈ဦးဒဏ်ရာရသွားသည်။ ဒဏ်ရာရထားသူများထဲမှ ၁ဦးမှာဒဏ်ရာပြင်းထန်သဖြင့် ဆေးရုံအရောက်တွင် ထပ်မံသေဆုံးသွားသည်။

လွန်ခဲ့သည့် ၃ ရက်တွင် ကျေးရွာအတွင်းမှ အသက် ၁၅ နှစ်အထက် အမျိုးသား ၂၇၅ ဦးအားစာသင်ကျောင်းသို့ခေါ်ယူပြီး AA နှင့် ဆက်စပ်သည်ဟု သံသယဖြင့် စစ်ဆေးမေးမြန်းခဲ့သည်။ စစ်ဆေးမေးမြန်းနေစဉ် အဆိုပါရွာသားများမှာ စာသင်ကျောင်းတွင် ထိန်းသိမ်းခံထားရသည်။

သေဆုံးသွားသူများမှာ ဦးသန်းခဲအောင် (ဖခင် ဦးဦးရွှေသာ)၊ ဦးဇော်လတ် (ဖခင် ဦးညီဘု)၊ ဦးမောင်သန်းဦး၊ ဦးခမ္မီးချေ (ဖခင် ဦးထွန်းချေ)။ ဦးအောင်လင်းကျော် (၃၈ နှစ်)၊ ဦးထွန်းရွှေဝင်း၊ ဦးမောင်ဝင်း၊ မောင်ဇော်လင်း (၃၂) တို့ဖြစ်ကြသည်။

ဖြစ်ရပ်မှန် ၁၁။ ပန်ဆေးပြည်သူ့စစ်အဖွဲ့မှ နမ့်ခမ်းမြို့နယ် ပတ်မာဒန်ဆာ အုပ်စု နောင်အန် ကျေးရွာတွင် အသက်ကြီးသည့် ရွာသား ၂ ဦးကို ရိုက်နှက်။ ဖေဖော်ဝါရီလ ၁၅ ရက်၊ ၂၀၁၉ ခုနှစ် (TWO)

ပန်ဆေးပြည်သူ့စစ်မှ နမ့်ခမ်းမြို့နယ်၊ ပတ်မှဲ့ဒန်ဆာအုပ်စု၊ နောင်အန်ကျေးရွာတွင် နေထိုင်သောရွာသား ၂ ဦးကို ဖေဖော်ဝါရီလ ၁၅ ရက်၊ ၂၀၁၉ ခုနှစ်၊ နေ့လယ် ၂ နာရီအချိန်တွင် ညှဉ်းပန်းနှိပ်စက်ခဲ့သည်။ အဆိုပါ ရွာသားနှစ်ဦးသည် တအာင်း (ပလောင်)ရိုးရာ ဓလေ့အရ တပို့တွဲလပြည့်ညတွင် ရှိမှည့် ထင်းဖြူကို တောထဲသို့ သွားရှာရာ ကျေးရွာနှင့် မနီးမဝေးတစ်နေရာ အရောက်တွင် ပန်ဆေးပြည်သူ့စစ်မှ စစ်ဆေးမေးမြန်းပြီး ရိုက်နှက်ခဲ့ ခြင်းဖြစ်သည်။

ရိုက်နှက်ခံရသည့် ရွာသား ၂ ဦးအနက် တစ်ဦးမှာ အသက် ၆၀ ကျော်ပြီး နားမကြားသူဖြစ်သည်။ ပန်ဆေးပြည်သူ့စစ်နှင့် ပထမဆုံးတွေ့ဆုံပြီး ပလောင်စစ်သားအကြောင်း စစ်ဆေးမေးမြန်းခံရသည့်အချိန်တွင် ကောင်းမွန်စွာ နားမလည်သည့်အတွက် ရိုက်နှက်ခံ ရပြီးနောက်တွင် ဆိုင်ကယ်ဖြင့် အခြားရွာသားတစ်ဦးမှ ထပ်မံရောက်ရှိလာ ပြီး မည်သည့်စကားမျှ ပြောချိန်မရဘဲ ရိုက်နှက်ခံရခြင်းဖြစ်သည်။

ဖြစ်ရပ် (၁၂)။ ၂၀၁၉ ခုနှစ်၊ မတ်လတွင်ကချင်လွတ်လပ်ရေး တပ်မတော် KIA မှ ရှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်ရှိ ရွာသားများကို ဖမ်းဆီးသွားသည် (TWO)။

၂၀၁၉ ခုနှစ် မတ်လအစောပိုင်းတွင် ကချင်လွတ်လပ်ရေး တပ်မတော် KIA မှ ရှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်ရှိ ပန်ကူ၊ နောင်ခွန်၊ မန်တုံနှင့် အခြားကျေးရွာရှိ ရွာသားများကို ရာနဲ့ချီပြီး ဖမ်းဆီးသွားသည်။

နောင်ခွန်၊ ပန်ကူနှင့် မန်တုံရှိ ရွာသား (၁၁) ဦးကို မတ်လ ၁ ရက်နေ့ KIA မှ ကျေးရွာအတွင်းသို့ လာရောက် ဖမ်းဆီးသွားပြီး၊ မတ်လ ၅ ရက်နေ့တွင် ၃၈ မိုင် မန်ပြိန်းကျေးရွာ အနီးရှိကြံခင်းမှ ရွာသား (၂၀၀) ကျော် ထပ်မံ ဖမ်းဆီးသွားခြင်းဖြစ်သည်။

လွတ်မြောက်လာသူ အမျိုးသမီးတဦးမှ

*"ကချင်စစ်သားတွေ အိမ်ကို ရောက်လာပြီး ကျနော်တို့ ဗိုလ်ကြီးနဲ့ စကားသွားပြောလိုက်ပါဦး ဆိုပြီးခေါ်တယ်၊ ကျမ မလိုက် ဘူးပြောတော့ အတင်းဆွဲခေါ်သွားတယ်၊"* ဟုပြော သည်။

ထိုသို့ KIA စစ်သားများ လာရောက်ဖမ်းဆီးသည့် အချိန်တွင် ရွာသားများကို အတင်းအကြပ်ဖမ်းဆီးပိုင်ခွင့် မရှိကြောင်း၊ ကိစ္စ တစ်ရှိပါက သက်ဆိုင်ရာ ရွာလူကြီးများမှ တစ်ဆင့် ပြောဆိုနိုင်ကြောင်း အမျိုးသမီးတစ်ဦးမှ ပြောသည့်အခါ သူမအား သေနတ်ဖြင့် ပြန်လည်ခြိမ်းခြောက်ခဲ့သည်။

မတ်လ ၅ ရက်နေ့တွင် မန်ပြိန်းကျေးရွာ အနီးရှိကြံခင်းတွင် အလုပ်လုပ်နေသော အလုပ်သမား (၂၀၀) ကျော်ကို လာရောက် ဖမ်းဆီးခေါ်ဆောင်သွားပြီး သက်ကြီးရွယ်အိုနှင့် မိန်းကလေးများကို ပြန်လွှတ်ပေးသော် လည်း အများစု ဖြစ်သည့် အမျိုးသားကို ယနေ့ချိန်ထိ ဖမ်းဆီးထိန်းသိမ်းထားဆဲ ဖြစ်သည်။

ထိုသို့ ဖမ်းဆီးခြင်းနှင့် ပတ်သက်၍ မီဒီယာ တချို့မှ KIA နှင့် TNLA ပူးပေါင်းပြီး ဖမ်းဆီးသည်ဟု သတင်းထုတ် ပြန်သော်လည်း TNLA အနေဖြင့် ရွာသားများလွတ်မြောက်စေရန် ကြားဝင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း လည်း ဆိုကြသည်။

## ဖြစ်ရပ်(၁၃)။ ၂၀၁၉ ခုနှစ်မတ်လ ၂၄ရက်နေ့တွင်ရှမ်းပြည်နယ်၊ကွတ်ခိုင်မြို့နယ်ရှိရွာသားများအား **TNLA** မှဖမ်းဆီးရိုက်နှက်သဖြင့် ဒဏ်ရာရရှိသွားသည်။ **(TWO)**

ရှမ်းပြည်မြောက်ပိုင်း မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် မန်နီမ်းအွမ်အုပ်စု လွယ်စရမ်း ကျေးရွာနေ ဦးအိုက်ခိုကို တအာင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) တိုက်နယ်မှူး တားနမ့်ခေါင်း အဖွဲ့မှ မတ်လ ၂၄ ရက်တွင် အကြောင်းပြချက်မရှိ ရိုက်နှက်ခဲ့သောကြောင့် ဒဏ်ရာပြင်းထန်စွာ ရရှိသွားပြီး ကွတ်ခိုင် ပြည်သူ့ဆေး ရုံတွင် ဆေးကုသမှု ခံယူခဲ့ရသည်။

ညီမအရင်းဖြစ်သူ မနန်းစိန်(အမည်လွှဲ)မှ

*"စစ်သားတွေက နမ့်ခမ်းကနေ ကျမတို့ ရွာကို လာတယ်၊ ညနေပိုင်း ၁၀နာရီလောက်ရှိပြီ၊ သူတို့က ကားဆရာနဲ့ စကားများနေတယ်။ အဲ့ဒါကို ကျမအစ်ကိုက စစ်သားမှန်း မသိဘူး၊ အိမ်ဘေးမှာ အရမ်းဆူညံနေလို့ ထကြည့်တာ၊ သူတို့ (TNLA) က ပြောတယ် နင်ကဘာမို့လို့လဲ သူများရန်ဖြစ် တာကို ထကြည့်နေရတာလဲပြောပြီးတော့ သူကိုဝိုင်းရိုက်ကြတယ်၊ အလုတ်ဒ ဆိုတဲ့ စစ်သားက ကျမအစ်ကိုဗိုက်ကို သေနတ်နဲ့ထုတယ်၊ အမြတ်ဆိုတဲ့ စစ်သားက ဗိုက်ကိုတက်နင်းတယ်၊ ကျောကုန်းကိုလဲရိုက်တယ်၊ ခေါင်းကိုလဲရိုက်တယ်၊ သူတို့ဝိုင်းရိုက်တော့ ကျမအစ်ကို မူးလဲသွားတယ်၊ ည ၁၀နာရီမှ မနက် ၂နာရီထိ သတိမေ့နေတယ်၊ သတိပြန်ရပေးမယ့်လည်း စကားပီပီပြင်ပြင်မပြောနိုင်သေးဘူး"* ဟု ပြောသည်။

ဝိုင်းဝန်းရိုက်နှက်မှုတွင် TNLA စစ်သား ၁၀ ခန့် ပါဝင်သည်။ မတ်လ ၃၀ ရက်နေ့တွင် TNLA မှ မိုင်းအိုက်ခို၏ဆေးကုစားရိတ်အတွက် ကျပ်၄သိန်းခွဲ (အမေရိကန်ဒေါ်လာ ၂၉၆ ခန့်) ထောက်ပံ့ပေးမည်ဟု ပြောသည်။ သို့သော်လည်း ကျပ် ၂သိန်း အရင်ပေးပြီး နောက် ၄ - ၅ ရက်တွင် ကျန်သည့်ငွေကို ပြန်လာပေးမည်ဟုပြောသော်လည်း ယခုချိန်ထိ မပေးသေး ကြောင်း ညီမဖြစ်သူက ပြောသည်။

## ဖြစ်ရပ်(၁၄)။ ၂၀၁၉ ခုနှစ်မတ်လ၈ရက်တွင်ရှမ်းပြည်နယ်၊နမ့်ခမ်းမြို့နယ်၊မန်အောင်ရွာသားတစ်ဦးကို **TNLA** မှမူးယစ်ဆေးဝါးအမှုဖြင့်ဖမ်းဆီးရာမှ လူသေမှုဖြစ်ပွား။ **(TWO)**

မတ်လ ၈ ရက်နေ့တွင် နမ့်ခမ်းမြို့နယ်၊ မန်အောင်အုပ်စု၊ မန်အောင်ကျေးရွာနေ တာဆာမ်လောတ်နှင့် တာငို့တို့ကို TNLA နမ့်ခမ်းမြို့နယ်၊ တိုက်နယ် အမှတ်(၁)ဖြစ်သူ တာနမ့်ပိုမှ မူးယစ်ဆေးဝါးမှုဖြင့် ဖဲဒန်ရွာအုပ် ချုပ်ရေးမှူးရုံးသို့ ဖမ်းဆီးခေါ် ဆောင်သွားသည်။

၁၀ရက်နေ့၊ နေလယ်တွင် မာန်အောင်ရွာခံတစ်ဦးမှ ဖဲဒန်ကျေးရွာနဲ့ မာန်အောင်ကျေးရွာကြား ဇရပ်တစ်ခုတွင် တာဆာမ်လောတ်၏ အလောင်းကိုတွေ့ရှိပြီး ၎င်း၏မိသားစုထံအသိပေးပြီး မာန်အောင်ရွာသို့ ၎င်း၏ရုပ်အလောင်းကို သယ်ဆောင်လာခဲ့သည်။

မန်အောင်ဒေသခံ အမည်မဖော်လိုသူတစ်ဦးမှ

*"အဲ့ဒီဖမ်းခံရတဲ့လူက ဘိန်းမှုနဲ့ဖမ်းခံရတယ်၊ မိုင်းဆာမ်လောတ်ကို ဖာလင်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးကို ခေါ်သွားတယ်။ ဗမာစစ်ကြောင်း ရောက်လာမယ်ဆိုတာ သတင်းကြားရလို့ TNLA တွေက တာဆာမ်လောတ်ကို ဖာလင်အုပ်ချုပ်ရေးမှူးရုံး အောက်မှာ ချုပ်ပြီးထားခဲ့ပြီးတော့ TNLA တွေကထွက်သွားကြတယ်။ သူဘယ်လိုပုံစံနဲ့သေသွားလဲဆိုတာ မသိဘူးလို့ TNLA အဖွဲ့က ပြောပြတယ်"* ဟုပြောသည်။

တာဆာမ်လောတ်၏ ရုပ်အလောင်းတွင် ဘွတ်ဖိနပ်နဲ့ ကန်ထားသည့်ဒဏ်ရာ၊ လည်ပင်းတွင် ကြိုးချည်ထားသည့် အရာနှင့် ကျောဘက်တွင် ရိုက်နက်ထားသည့် ဒဏ်ရာများတွေ့သည်ဟု ဆိုသည်။

## ဖြစ်ရပ် (၁၅)။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၂ရက်တွင် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ကင်းတလင်းရွာမှ ရွာသား ၅၂ဦးအား ၁၀ မှ အတင်းအဓမ္မဖမ်းဆီး ထိန်းသိမ်းထားသည်။ (CHRO)

ဖေဖော်ဝါရီ ၂ ရက်နေ့တွင် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ကင်းတလင်ကျေးရွာသို့ AA တပ်ဖွဲ့များ ဝင်ရောက်လာပြီး၊ ရွာသား ၅၄ ဦးကို အတင်းအကြပ်ဖမ်းဆီးသွားပြီး ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စခန်းတခုတွင် ထိန်းသိမ်း ထားသည်။

AA အဖွဲ့များ ရွာတွင်းဝင်ဝင်ချင်း၊ ရွာသားများအား ဘုရားကျောင်းတွေစုခိုင်းပြီး၊ မြန်မာစစ်တပ်မှ ရွာကိုဗုံးကြဲ တိုက်ခိုက်မည် ဖြစ်သည့်အတွက် ၎င်းတို့နောက်သို့ လိုက်ကြရန်ပြောကြားရာ။ ရွာသားများမှ မလိုက်ချင်ကြောင်း ပြောဆိုကြသည်။ ဆယ်အိမ်မှူးအား AA အဖွဲ့မှ ထိုးကြိတ်ရိုက်နက်ပြီး၊ ရွာသားများအားလည်း မလိုက်လျှင် ထိုးကြိတ်ရိုက်နက်မည် ဖြစ်ကြောင်း ခြိမ်းခြောက်ကာ ရွာသားစုစုပေါင်း (၅၄)ဦးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်စပ်ဖက်သို့ အတင်းအကြပ် ဖမ်းဆီးခေါ်ဆောင် သွားခဲ့ကြသည်။ လမ်းတဝက်တွင် ရွာသား (၂)ဦး ထွက်ပြေးသဖြင့် လွတ်မြောက်လာသည်။

ဖမ်းဆီးခံရသူများ ပျောက်ဆုံးနေသည်မှာ ၄ လကျော်ပြီဖြစ်သဖြင့် မိသားစုဝင်များမှာ စိုးရိမ်ပူပန်နေကြသည်။ ရွာသားတဦးမှ *"ကျနော့်မိန်းမနဲ့ သမီး(၆)ယောက်လည်း သူတို့ဖမ်းတဲ့ထဲမှာပါသွားတယ်။ AA အဖွဲ့လာဖမ်းတဲ့အခါမှာ ကျနော်က အလုပ်ကိစ္စနဲ့ခရီးသွားတဲ့အခါမှာ ဖြစ်တယ်ဆိုတော့ ကျနော်စိတ်နာတယ်။ ကျနော်က ဝမ်းနည်းလွန်းလို့ ဦးနှောက်တောင်မှ သိပ်မမှန်တော့ဘူး၊ သူတို့ဖမ်းဆီးခေါ်ဆောင်သွားတာ (၄)လတောင်ရှိပြီ အဆက်အသွယ်လဲမရဘူး ဆိုတော့ ကျနော့် မိသားစု အတွက် ကျနော်အလွန်စိုးရိမ်ပြီး ဝမ်းနည်းနေရတယ်"* ဟု ပြောသည်။

AA အဖွဲ့က ဖမ်းဆီးခေါ်ဆောင်သွားကြသည့် ကင်းတလင်းရွာသား(၅၂)ဦး တို့သည် လက်ရှိတွင် ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံနယ်စပ်တွင် ရှိသည့် AA အဖွဲ့၏ စခန်းတနေရာတွင် ထိန်းသိမ်းထား ခံနေရဆဲ ဖြစ်ပြီး။ ၎င်းတို့ကို စခန်းအပြင်ဖက်သို့ သွားလာခြင်းများ တားမြစ်ပိတ်ပင်ထားကြောင်းနှင့် အလားတူဖမ်းဆီးခြင်းခံရသည့် ရခိုင်းရခိုင်းလူမျိုးများအား လွတ်လွတ်လပ်လပ် သွားလာခွင့် ပေးထားသည်။

ဖမ်းဆီးခံရသူများတွင် အမျိုးသမီး(၃၃)ယောက် ပါဝင်ပြီး၊ ၄င်းတို့ထဲမှ ကျောင်းနေ ကလေးသူငယ်ပေါင်း (၁၇)ယောက်ရှိသည့်အနက် မိန်းကလေးငယ်(၉)ယောက်ပါရှိနေသည်။

## ဖြစ်ရပ်(၁၆)။ ၂၀၁၉ ခုနှစ် ဧပြီလ ၂၆ ရက်နေ့က၊ ရှမ်းပြည်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်၊ မန့်ပန်ကျေးရွာတွင် ဗုံးတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားကာ ကလေး ၂ ဦး သေဆုံးပြီး၊ ၈ ဦးဒဏ်ရာရသွားသည်။(TWO)

ဧပြီလ ၁၀ ရက်နေ့က၊ ရှမ်းပြည်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်၊ မန့်ပန်ကျေးရွာတွင် နေထိုင်သော ကလေးငယ် ၁၀ ဦးသည် ဧပြီလ ၂၆ ရက် ၂၀၁၉ ခုနှစ် ညနေ ၆ နာရီခွဲခန့်တွင် အိမ်ရှေ့တစ်နေရာရှိ ကားဘီးအနီး ဆော့ကစား နေစဉ် ဗုံးတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားသဖြင့် ၂ ဦး ပွဲခြင်းပြီး သေဆုံး၍၊ ကျန် ၈ ဦးဒဏ်ရာရရှိကာ နမ့်ခမ်းပြည်သူ့ဆေးရုံတွင် ဆေးကုသမှု ခံယူလျက်ရှိသည်။

ဒေသခံတစ်ဦးမှ

*"လူကြီးတွေလည်း မရှိကြဘူး၊ ကလေးတွေဘဲ ဆော့ကစားရင်းနဲ့ ပေါက်ကွဲမှု ဖြစ်သွားတယ်၊ အဲဒီဗုံးက အစကတည်းက အဲမှာရှိတာလား၊ ကလေးတွေက တစ်နေရာရာကနေ ကောက်လာပြီး ဆော့နေတာလားဆိုတာ သေချာမသိရသေးဘူး"* ဟုပြောသည်။

အိမ်ရှေ့တွင် ရှိနေသည့် ကားဘီးအနီးတွင် ယခင်ကတည်းက ကလေးများ နေ့စဉ်နှင့်အမျှ ဆော့ကစားသည့် နေရာဖြစ်ပြီး ၄င်းဗုံးများ မတွေ့ရှိခဲ့ကြောင်း ဒေသခံများမှ ပြောသည်။ ၄င်းဗုံးသည် မည်သည့်နေရာတွင် တည်ရှိပြီး မည်သည့်လက်နက်ကိုင်မှ ပစ်ထားသည့် ဗုံးဖြစ်သည်ကို ဒေသခံများမှ မသိရကြောင်း၊ ထိုဒေသတွင် လွန်ခဲ့သော ၆ လကျော်ခန့်က မြန်မာ့တပ်မတော်နှင့် TNLA တို့ တိုက်ပွဲဖြစ်ပွားခဲ့ဖူးသည်။

# နိဂုံး

ယခုအစီရင်ခံသည့်ကာလအတွင်း ND-Burma ၏မှတ်တမ်းများအရ လူ့အခွင့်အရေးချိုးဖောက်မှုများ သိသိသာသာများပြားလာပြီး ၂၀၁၉ ခုနှစ်ပထမ၆လအတွင်းတွင်ပင် မှတ်တင်းတင်နိုင်မှုက ၂၀၁၈ ခုနှစ်တနှစ်လုံးမှတ်တမ်းတင်နိုင်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများထက် ၃၆၀ ရာခိုင်နှုန်းပိုများ လာသည်ကို တွေ့ရသည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီမှ ဒီဇင်ဘာ တနှစ်လုံးလူ့အခွင့်အရေးချိုးဖောက်မှုများကို ND-Burma မှ မှတ်တမ်း တင်နိုင်မှုနှင့် သွေဖည်ကာ ရခိုင်ပြည်နယ်ရှိ တိုက်ပွဲများကြောင့် ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှု ၇၀ ရာခိုင်နှုန်း (၁၆၉ ခု)၊ ကချင်ပြည်နယ်တွင် ၁၀ ခုနှင့် ရှမ်းပြည်နယ်တွင် ၄၂ ခုကို ND-Burma အဖွဲ့ဝင်များက မှတ်တမ်းတင်နိုင်ခဲ့သည်။

ဖြစ်ရပ်အများစုမှာ အရပ်သားများရှိသည့်နေရာများကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စိတ်ထင်တိုင်း ရမ်းသမ်းပစ်ခတ်ခြင်း၊ လေယာဉ်ဖြင့်ဗုံးကြဲခြင်းတို့ကြောင့် အရပ်သားများ ထိခိုက်၊ သေဆုံးရခြင်း။ တရားလက်လွတ် သတ်ဖြတ်ခြင်း။ မြေမြှုပ်မိုင်းများကြောင့် ထိခိုက်၊ သေဆုံးရခြင်း။ လူ့ဂုဏ်သိက္ခာနှင့်အညီ ဆက်ဆံမခံရခြင်း။ အတင်းအဓမ္မဖမ်းဆီးခြင်းနှင့် ပျောက်ဆုံးသွားခြင်းများဖြစ်သည်။

မြန်မာ့တပ်မတော်နှင့် AA အကြား ရခိုင်ပြည်နယ်တွင် တိုက်ပွဲများပြင်းထန်လာခြင်း၏ အကျိုးဆက်ဖြစ်သည်။ စစ်တပ်မှ တိုင်းပြည်၏ မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတွင် တဖက်သတ်အပစ်အခတ်ရပ်စဲထားသော်လည်း မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် တိုက်ပွဲများဖြစ်ပွားလျှက်ရှိသည်။ ထို့အပြင် ရှမ်းပြည်မြောက်ပိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအချင်းချင်းကြား တိုက်ပွဲများဖြစ်ပွားနေသည်ကိုလည်း ND-Burma အဖွဲ့ဝင်များ၏ မှတ်တမ်းများ အရ တွေ့ရသည်။

ယခုအစီရင်ခံသည့် ကာလအတွင်း တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တိုက် ပွဲများပြင်းထန်လာနေပြီး ရခိုင်ပြည်နယ်တွင် မှတ်တမ်းတင်ထားမှုများအရ အရပ်သားများအပေါ် ကျူးလွန်ချိုး ဖောက်သည့် တိုက်ပွဲများနှင့် ဆက်စပ်ဖြစ်ပေါ်သော လူ့အခွင့်အရေးချိုးဖောက်မှုများ များပြားလာစေသည်။ အများစုမှာ အစိုးရတပ်များမှ ကျူးလွန်ခြင်းဖြစ်ပြီး အရပ်သားများ ထိခိုက်၊ သေကြေရသည့် စိတ်ထင်တိုင်း လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခြင်း၊ လေယာဉ်ဖြင့် ဗုံးကြဲခြင်းတို့ဖြစ်သည်။ ရွာသားများနေထိုင်ရာ အနီးတွင် တိုက်ပွဲများဖြစ်ပွားခြင်း၊ စစ်ဆင်ရေးပြုလုပ်ခြင်းတို့ကြောင့် ထောင်ပေါင်းများစွာသော အရပ်သား ပြည်သူများမှာ တိုက်ပွဲများမှ လွတ်မြောက်ရန် ထွက်ပြေးတိမ်းရှောင်နေရသည်။ စစ်ရှောင်များမှာ မည်သည့်အချိန်တွင် လုံခြုံဘေးကင်းစွာ နေရပ်ရင်းပြန်ရမည်ကို မသေချာ၊ မရေရာဖြစ်နေကြသည်။


ယခုအစီရင်ခံသည့်ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှလည်း အရပ်သားများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများ ကျူးလွန်နေသည်ကို တွေ့ရသည်။ အတင်းအဓမ္မဖမ်းဆီး၊ ထိန်းသိမ်းခြင်း၊ အတင်းအကြပ် လူသစ်စုဆောင်းခြင်း၊ လူ့ဂုဏ်သိက္ခာနှင့်အညီ မဆက်ဆံခြင်း၊ တရားလက်လွတ် သတ်ဖြတ်ခြင်းနှင့် အရပ်သားများနေထိုင်ရာအနီးတွင် တိုက်ပွဲများဖြစ် ပွားခြင်းကြောင့် အရပ်သားများထိခိုက်ရခြင်းနှင့် ထွက်ပြေးတိမ်းရှောင်ရခြင်းတို့ဖြစ်သည်။ အထူးသဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များသည် ၎င်းတို့နှင့်


ပြိုင်ဘက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်စပ်ပတ်သတ်သည်ဟု သံသယဖြစ်ကာ ရွာသားများ သို့မဟုတ် ရွာလုံးကျွတ်အလိုက် အတင်းအကြပ် ဖမ်းဆီး၍ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ပျောက်ဆုံးသွားခြင်းများ ကျူးလွန်ကြသည်။

အရပ်သာမားများမှာ တိုက်ပွဲများကြားမှ မြေဇာပင်များအဖြစ် စစ်၏ ဝန်ထုတ်၊ ဝန်ပိုးကို အမြဲတစေခံစားနေရသည်။ အထူးသဖြင့် တိုက်ပွဲဖြစ်ပွားသည့်ဒေသများရှိ တိုင်းရင်းသားများမှာ အနှစ် ၇၀ ကျော် ပြည်တွင်းစစ်၏ဒဏ်ကို သိသာထင်ရှားစွာ ခံစားနေရသည်။ မြန်မာနိုင်ငံတွင် စစ်မှန်သည့် ငြိမ်းချမ်းရေးပေါ်ထွန်းလာမှသာ တိုက်ပွဲကြားမှ ပြည်သူလူထုဘဝမှာ စစ်ဘေး၊ စစ်ဒဏ်များမှ လွတ်မြောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် အစိုးရနှင့် တပ်မတော်အနေဖြင့် တနိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲကြောင်း ကြေငြာခြင်း၊ လက်တွေ့ကျပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ တိုက်ပွဲများနှင့် လူ့အခွင့်အရေးအခြေအနေကို စောင့်ကြည့်လေ့လာနေသည့် လူထုအခြေပြုအဖွဲ့အစည်းများ ပါဝင်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အပါအဝင် စစ်မှန်သည့် ငြိမ်းချမ်းရေးရရှိအောင် အားလုံးနှင့် လက်တွဲလုပ်ဆောင်ရမည်ဖြစ်သည်။ ထို့အပြင် မည်သည့် ငြိမ်းချမ်းရေးဖြစ်စဉ် အဆင့်တိုင်းတွင်မဆို လူသားချင်းစာနာသော အကူအညီများပေးနေသည့်အဖွဲ့များနှင့် ကျူးလွန်ချိုးဖောက်ခံရသူများကိုပါ ပါဝင်ခွင့်ပြုရမည်ဖြစ်သည်။

# နောက်ဆက်တွဲ

**နောက်ဆက်တွဲ ၁။ ၂၀၁၉ ခုနှစ် ဇန်နဝါရီမှ ဇွန်လအထိ ND-Burma မှ မှတ်တမ်းတင်ထားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ။**



## နောက်ဆက်တွဲ ၂။ ND-Burma မှမှတ်တမ်းတင်ထားသည့်လစဉ်အလိုက် လူ့အခွင့်အရေးချိုးဖောက်မှု (၂၀၁၉ ခုနှစ် ဇန်နဝါရီ–ဇွန်)

| စုစုပေါင်း | ၂၂ | ၁၀ | ၇၅ | ၄၁ | ၄၈ | ၄၃ | ၂၃၉ |
|---|---|---|---|---|---|---|---|
| ပြတ်ပြတ်သားသား အရေးယူခြင်း | | | | | ၁ | | ၁ |
| မြေမြှုပ်မိုင်းအသုံးပြုခြင်း | ၄ | ၁ | ၁၂ | ၅ | ၅ | ၅ | ၃၂ |
| ညှဉ်းပန်းနှိပ်စက်ခြင်း | ၂ | ၃ | ၆ | ၅ | ၅ | ၁ | ၂၂ |
| စိတ်ထင်တိုင်း ပစ်ခတ်ခြင်း၊ ဗုံးကြဲတိုက်ခိုက်ခြင်း | ၂ | ၂ | ၂၂ | ၄ | ၃ | ၁၁ | ၄၄ |
| လွတ်လပ်စွာသွားလာခွင့်နှင့် စုဝေးခွင့်ကို တားမြစ်ခြင်း | ၁ | | | | | | ၁ |
| လွတ်လပ်စွာထုတ်ဖော်မှုကို တားမြစ်ခြင်း | ၁ | | | | | ၂ | ၃ |
| အခမ့်ပြုခြင်း၊ လိုင်စင်ဆိုင်ရာ အကြမ်းဖက်ခြင်း | | | ၁ | | ၁ | | ၂ |
| သတ်ဖြတ်ခြင်း (စိတ်ထင်တိုင်း ပစ်ခတ်မှု၊ ဗုံးကြဲမှု) | | ၁ | ၂ | ၂၀ | ၁၈ | ၁၄ | ၅၅ |
| ဒဏ်ရာရခြင်း (စိတ်ထင်တိုင်း ပစ်ခတ်မှု၊ ဗုံးကြဲမှု) | ၁၀ | | ၂၉ | ၅ | ၁၄ | ၆ | ၆၄ |
| အတင်းအဓမ္မရွှေ့ပြောင်းစေခြင်း | | ၁ | | | | ၁ | ၂ |
| အတင်းအဓမ္မစေခိုင်းခြင်း | | | | | ၁ | | ၁ |
| အတင်းအကြပ် လူသစ်စုဆောင်းခြင်း | | | | ၁ | | ၁ | ၂ |
| အတင်းအဓမ္မဖမ်းဆီး၊ ထိန်းသိမ်းခြင်း | ၂ | ၂ | ၃ | ၁ | | ၂ | ၁၀ |
| လူ့အခွင့်အရေးချိုးဖောက်မှု အမျိုးအစား | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | စုစုပေါင်း |

## နောက်ဆက်တွဲ ၃။ **ND-Burma** မှ မှတ်တမ်းတင်ထားသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် လူ့အခွင့်အရေးချိုးဖောက်မှုများ (၂၀၁၉ ခုနှစ် ဇန်နဝါရီ–ဇွန်)

| စဉ် | ပြည်နယ်နှင့် တိုင်းအလိုက် လူ့အခွင့်အရေးချိုးဖောက်မှုများ | အတင်းအဓမ္မဖမ်းဆီး၊ ထိန်းသိမ်းခြင်း | အတင်းအကြပ် လူသစ်စုဆောင်းခြင်း | အတင်းအဓမ္မစေခိုင်းခြင်း | အတင်းအဓမ္မရွှေ့ပြောင်းစေခြင်း | ဒဏ်ရာရခြင်း (စိတ်ထင်တိုင်း ပစ်ခတ်မှု၊ ဗုံးကြဲမှု) | သတ်ဖြတ်ခြင်း (စိတ်ထင်တိုင်း ပစ်ခတ်မှု၊ ဗုံးကြဲမှု) | အဓမ္မပြုခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း | လွတ်လပ်စွာထုတ်ဖော်မှုကို တားမြစ်ခြင်း | လွတ်လပ်စွာသွားလာခွင့်နှင့် စုဝေးခွင့်ကို တားမြစ်ခြင်း | စိတ်ထင်တိုင်း ပစ်ခတ်ခြင်း၊ ဗုံးကြဲတိုက်ခိုက်ခြင်း | ညှဉ်းပန်းနှိပ်စက်ခြင်း | မြေမြှုပ်မိုင်းအသုံးပြုခြင်း | ပြတ်ပြတ်သားသား အရေးယူခြင်း | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁။ | ရခိုင်ပြည်နယ် | | | | | ၆၃ | ၄၃ | | | | ၃၈ | ၉ | ၁၆ | | ၁၆၉ |
| ၂။ | ချင်းပြည်နယ် | ၂ | | ၁ | | | ၁ | | | | | ၁ | ၁ | | ၆ |
| ၃။ | ကချင်ပြည်နယ် | | | | | | | | ၂ | | | ၁ | ၇ | | ၁၀ |
| ၄။ | မန္တလေးတိုင်း | | | | | | | | | ၁ | | | | | ၁ |
| ၅။ | ကရင်ပြည်နယ် | | | | | | ၇ | | | | | | | | ၇ |
| ၆။ | ရှမ်းပြည်နယ် | ၇ | ၂ | | ၂ | ၁ | ၄ | ၂ | ၁ | | ၆ | ၁၁ | ၅ | ၁ | ၄၂ |
| ၇။ | တနင်္သာရီတိုင်း | | | | | | | | | | | | ၃ | | ၃ |
| ၈။ | အခြား | ၁ | | | | | | | | | | | | | ၁ |
| | စုစုပေါင်း | ၁၀ | ၂ | ၁ | ၂ | ၆၄ | ၅၅ | ၂ | ၃ | ၁ | ၄၄ | ၂၂ | ၃၂ | ၁ | ၂၄၉ |

GPO 315
Chiang Mai 50000
Thailand
+66 (0) 53 304 404
office@nd-burma.org
www.nd-burma.org